

# ပေါ်ပေါက်လာသော
# အုပ်ချုပ်ရေးယန္တရားသစ်များနှင့်
# ပြည်သူ့ရပ်ဝန်း

athanmyanmar.org nyanlynnthitanalytica.org theredflagmedia.org

# ပေါ်ပေါက်လာသော အုပ်ချုပ်ရေး ယန္တရားသစ်များ

# နှင့်

# ပြည်သူ့ရပ်ဝန်း။

# မာတိကာ

**အတိုခေါ်ဝေါ်သည့် စကားလုံးများ။** ....... ၁

**သုတေသန နောက်ခံ** ....... ၂

၂၀၂၁ ခုနှစ် နောက်ပိုင်း အခြေအနေသစ်များထဲမှ ပြည်သူ့ရပ်ဝန်း - CIVIC SPACE တွင် ကြုံတွေ့နေရသော ချုပ်ချယ်မှုများ ....... ၂
သုတေသန အထူးပြုလေ့လာမည့်ဒေသများကို ရွေးချယ်မှု နောက်ခံ ....... ၅
သုတေသန၏ ရည်ရွယ်ချက် ....... ၈
သုတေသနမေးခွန်းများ ....... ၈
သုတေသနကွင်းဆင်းဒေသများ ....... ၈

**သုတေသနနည်းနာ** ....... ၉

ကျင့်ဝတ်နှင့် စပ်လျဥ်း၍ ....... ၁၁
သုတေသန၏ ပမာဏ အကျယ်အပြန့် နှင့် အကန့်အသတ်များ ....... ၁၂

**တွေ့ရှိချက်များ - အုပ်ချုပ်ရေးယန္တရား** ....... ၁၄

အမျိုးသားညီညွတ်ရေးအစိုးရ၏ အုပ်ချုပ်ရေးယန္တရား - စစ်ကိုင်းနှင့် မကွေး ....... ၁၄
ကရင်နီ အုပ်ချုပ်ရေးယန္တရား - ဒီမောဆို၊ မယ်စဲ့ ....... ၁၉
အုပ်ချုပ်သူများအပေါ် ပြည်သူ့အမြင်နှင့် ပြည်သူ့အသံ ....... ၂၂

**တွေ့ရှိချက် - သတင်းအချက်အလက်ရရှိမှု** ....... ၃၄

သတင်းအချက်အလက်လက်လှမ်းမီမှု - စစ်ကိုင်းဒေသ ....... ၃၅
သတင်းအချက်အလက်လက်လှမ်းမီမှု - မကွေးဒေသ ....... ၃၈
သတင်းအချက်အလက်လက်လှမ်းမီမှု - ကရင်နီပြည် ....... ၄၂

**တွေ့ရှိချက် - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်** ....... ၄၅

ကန့်သတ်ခံနေရဆဲဖြစ်သည့် အညာဒေသ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် (စစ်ကိုင်း နှင့် မကွေးဒေသ) ....... ၄၅
လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကရင်နီပြည် ....... ၄၉
အရပ်ဘက်အဖွဲ့အစည်းများ၏ လွတ်လပ်စွာ လှုပ်ရှားနိုင်မှုအခြေအနေ။ ....... ၅၁

**နိဂုံးနှင့် အကြံပြုချက်များ။** ....... ၅၅

# အတိုခေါ်ဝေါ်သည့် စကားလုံးများ။

| | |
|---|---|
| IEC | ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ |
| KNPLF | ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး |
| KSCC | Karenni State Consultative Council |
| KSIJ | Karenni State Interim Judiciary |
| KSIP | Karenni State Interim Parliament |
| NUG | အမျိုးသားညီညွတ်ရေးအစိုးရ |
| PDF | ပြည့်ကာကွယ်ရေးတပ်မတော် |
| SAC/စစ်ကောင်စီ | State Administration Council |
| YDF/YRA | Yaw Defense Force/ Yaw Revolutionary Army |
| ပကဖ | ပြည်သူ့ကာကွယ်ရေးအဖွဲ့ |
| ပလဖ | ပြည်သူ့လုံခြုံရေးအဖွဲ့ |
| ပအဖ | ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ |

# သုတေသန နောက်ခံ

## ၂၀၂၁ ခုနှစ် နောက်ပိုင်း အခြေအနေသစ်များထဲမှ ပြည်သူ့ရပ်ဝန်း - Civic space တွင် ကြုံတွေ့နေရသော ချုပ်ချယ်မှုများ

ယခုကာလကဲ့သို့ ပဋိပက္ခ အကဲဆက်သည့် အချိန်နှင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး အပြောင်းအလဲများ ဖြစ်ပေါ်နေသည့်ကာလတွင် သတင်းအချက်အလက် စီးဆင်းမှုမှာ လွန်စွာ အရေးကြီးသည်။ ထိုနည်းတူစွာ ပြည်သူတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်း အချက်အလက် ရယူခွင့်တို့မှာလည်း များစွာ ထိခိုက်နေသည်မှာ အငြင်းပွားဖွယ် မရှိပါ။ လွတ်လပ်သော မြန်မာသတင်း မီဒီယာကောင်စီ (Independent Press Council Myanmar) ထံမှပင် ပြည်သူတို့၏ သတင်းရယူခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့နှင့် စပ်လျဉ်းသော ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ထိုကောင်စီ၏ ကြေညာချက်အမှတ် (၁၀/၂၀၂၄) အရ ပြည်သူအကျိုးအလို့ငှာ သတင်း အချက်အလက်များစုစည်း၍ တင်ပြပေးရသော လုပ်ငန်း၊ ဖြန့်ဝေပေးရသော လုပ်ငန်းတို့ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် အခြေအနေမှာ စစ်ကောင်စီ၏ ဆက်တိုက် ဖိနှိပ်မှုများကြောင့် ပျက်ယွင်းခဲ့ရကြောင်း၊ စစ်ကောင်စီအနေဖြင့် သတင်းလွတ်လပ်ခွင့်ကို ပိတ်ပင်သည့် လုပ်ရပ်များဖြစ်သည့် လိုင်စင်ပိတ်သိမ်းခြင်း၊ သတင်း သမားများကို ဖမ်းဆီးခြင်းတို့ကို အမြန်ဆုံး ရပ်တန့်ပြီး ဖမ်းဆီးထားသည့် သတင်းသမားများကို အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်၊ အများနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်များကို တာဝန်ခံမှုရှိစွာ သတင်းသမားများ သတင်းရယူခွင့် ရှိစေရန်၊ သဘာဝ ဘေးအန္တရာယ် ကျရောက်သည့် နေရာ ဒေသများတွင် သတင်းသမားများအနေဖြင့် လွတ်လပ်စွာ သတင်း ရယူခွင့်ရှိရန် အလေးအနက် တောင်းဆိုကြောင်း ပါရှိသည့် ကြေညာချက် တစ်ရပ်ကို စက်တင်ဘာလ ၁၄ ရက်နေ့ နေ့စွဲဖြင့်ထုတ်ပြန်ခဲ့သည်။[1]

---

[1] Independent Press Council Myanmar (၂၀၂၄၊ စက်တင်ဘာ ၁၄)။ [သတင်းလွတ်လပ်ခွင့်ကောင်စီ၏ သတင်းထုတ်ပြန်ချက်]

ဤကြေညာချက်တွင် အများပြည်သူ၏ ရပိုင်ခွင့်အဖြစ် ပြည်သူတို့သည် လက်ရှိဖြစ်ပျက်နေသော တရားမမျှတမှု၊ မသမာမှု၊ မတရားမှုများကို သိရှိခွင့်ရှိသည်ဖြစ်ရာ ထိုလူတိုင်း ရရှိရမယ့် တန်းတူညီမျှသည့် အခွင့်အရေးတို့အတွက် သတင်းမီဒီယာများသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို အနှောင့်အယှက်မရှိ လုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်းကို ရေးရှု တောင်းဆိုခဲ့သည်။

၂၀၂၄ ခုနှစ် အတွင်းတွင် ကြီးမားသော ထိခိုက် ပျက်စီးမှုများကို ဖြစ်ပွားစေခဲ့သည့် သဘာဝဘေး အန္တရာယ်၊ ရေလွှမ်းမိုးမှု အဖြစ်အပျက်များ နှင့် စစ်ကောင်စီ၏ လေကြောင်း ပစ်ခတ်မှုများမှ အသက်အန္တရာယ်နှင့် အခြားဆုံးရှုံးမှုများကို ရှောင်ရှားနိုင်ရန် လူထုအတွက် သတင်းအချက်အလက် လက်လှမ်းမီမှု မည်မျှအရေးကြီးသည်ကို ပိုမို တွေ့မြင်လာစေသည်။ ပြည်သူလူထုအတွက် လုံလောက်သည့် သတင်းအချက်အလက်များကို မထုတ်ပြန်ပေးနိုင်မှုများသည် နေရာတိုင်းလိုလိုပင် ကြုံတွေ့နေရသော်လည်း၊ လက်ရှိ တိုက်ပွဲဖြစ်ပွားရာ နေရာဒေသများတွင်မူ လုံခြုံရေးအကြောင်းပြချက်များကြောင့် ပြည်သူများ၏ သိပိုင်ခွင့်မှာ ပို၍ပင် အကန့်အသတ် ဖြစ်နေရသည်။ ဒေသတစ်ခုကို မည်သည့်အဖွဲ့အစည်းက ထိန်းချုပ်ထားနိုင်သည် ဖြစ်စေ ယခုအချိန်တွင် သက်ဆိုင်ရာ အဖွဲ့အစည်းများက ပြည်သူတို့၏ ကြားသိပိုင်ခွင့်၊ ဒုက္ခကို ဖွင့်ဟ ပြောကြားနိုင်ခွင့်၊ မီဒီယာနှင့် ဆက်သွယ်နိုင်ခွင့်တို့ကို များစွာကန့်သတ်ထားသည်။[2] စစ်ကောင်စီ၏ ထိန်းချုပ်မှုမှ လွတ်မြောက်ပြီးသည်ဟု ယူဆနိုင်သော လွတ်မြောက်နယ်မြေဒေသများ၌ပင် ပြည်သူတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များနှင့် သတင်းအချက်အလက် ရယူနိုင်သည့် အခြေအနေများမှာ များစွာ အကန့်အသတ်ရှိသည်။ ထင်ရှားသည်မှာ ပြည်သူများ ရင်ဆိုင်ရသည့် အခက်အခဲက စစ်မဖြစ်သည့် ကာလအတွင်း ကပ်ဘေးကို ရင်ဆိုင်ရခြင်းထက် များစွာပို၍ ကူကယ်ရာမဲ့ရသည့် အခြေအနေဖြစ်သည်။

သို့ရာတွင် စစ်အာဏာသိမ်းပြီး ရက်ပိုင်းမှ စတင်ကာ စစ်ကောင်စီသည် ပြည်သူတို့၏ လွတ်လပ်ခွင့်ကို အဓိကထား ကန့်သတ်ခဲ့သည်။ သတင်းမီဒီယာများကို နှိပ်ကွပ်ရန် သတင်းဌာနများကို လိုင်စင် ပိတ်သိမ်းခြင်း၊ သတင်းဌာန ရုံးခန်းများနှင့် ရုံးသုံးပစ္စည်းများကို

[2] EngageMedia, "Myanmar Digital Coup Quarterly: August 2024 – October 2024," *EngageMedia*, 2024, https://engagemedia.org/2024/myanmar-digital-coup-quarterly-august-2024-october-2024/.

သိမ်းဆည်းခြင်း၊ ဝင်ရောက်စီးနင်းကာ ဖမ်းဆီးခြင်း၊ သတင်းသမား နေအိမ်အချို့ကို ဝင်ရောက်စီးနင်းရန်ရှာခြင်း၊ သတင်းသမားများကို တရားစွဲ အကျဉ်းချထားခြင်း၊ မဆီလျော်သည့် ပုဒ်မများဖြင့် နှစ်ရှည်ပြစ်ဒဏ်များ သတ်မှတ်ခြင်း၊ သတင်းဌာနပိုင် ပစ္စည်းများကို သိမ်းယူခြင်း တို့၏ နောက်ဆက်တွဲတွင် ပြည်တွင်းမြေပြင်အခြေစိုက် ပေါ်ပေါ်ထင်ထင် ဆောင်ရွက်နိုင်သော သတင်း မီဒီယာများ၏ နေရာကွယ်ပျောက်သွားခဲ့ရသည်။ ပြည်ပတွင် အခြေစိုက် လုပ်ဆောင် ကြသည့်တိုင် မီဒီယာလွတ်လပ်ခွင့်ကို အနည်းငယ် ခံစားခွင့် ရရှိခဲ့သည့် ၂၀၁၂ - ၂၀၂၀ ရှစ်နှစ်တာ ဖြင့်နှိုင်းယှဉ်လျှင် သတင်းများကို အကန့်အသတ်ဖြင့်သာ ရယူတင်ပြနိုင်ခဲ့ ကြသည်။ စစ်ရေးနှင့် လုံခြုံရေး သတင်းများက သတင်းမီဒီယာများ၏ အာရုံကို အချိန်တိုင်း ဖမ်းဆုပ်မိထား နိုင်သော်လည်း အခြားသော အရေးအရာများသည်လည်း နောက်ကောက် ကျခဲ့ရသည်။ တစ်ချိန်တည်းတွင် စစ်တပ် အာဏာရှင်စနစ်ကို အမြစ်ဖြတ်နိုင်ရေးအတွက် ပြည်သူတို့၏ လွတ်လပ်ခွင့်အချို့ကိုလည်း သည်းခံ ခြိုးခြံကြရမည်ဟူသော အခြေအနေနှင့် တိုက်တွန်းချက်များ သည်လည်း စိုးမိုးပေါ်ထွက်နေလေ့ရှိရာ မီဒီယာများအနေနှင့် တော်လှန်ရေး ပန်းတိုင်ကို ငဲ့၍ မိမိကိုယ်ကို ဆင်ဆာဖြတ်တောက်ကြခြင်းများလည်း ရှိသည်။ ထို့ပြင် ဒေသ အသီးသီးမှ သတင်းများ ရယူရန်မှာ အခက်အခဲရှိပြီး သတင်းသမားများအနေဖြင့် ဖြစ်စဉ်၊ ဖြစ်ရပ်၊ အကြောင်းအရာများကို စုံစမ်းရေးသားရသည့် အခြေအနေများမှာ စိန်ခေါ်မှု အန္တရာယ် ကြီးမားလှသည့်အတွက်၊ လျှို့ဝှက်သတင်း ရယူပေးပို့နိုင်သည့် ဒေသခံ ( နိုင်ငံသား ) သတင်းထောက်များကို အားကိုးနေရသည့် မီဒီယာစနစ်တစ်ရပ်ပင် တွင်ကျယ်လာခဲ့သည်။ သာမန်ပြည်သူ အများစုကမူ မီဒီယာနှင့် တိုက်ရိုက်ထိတွေ့ ဆက်သွယ်ပြောဆိုရန် များစွာ တွန့်ဆုတ်လာကြသည်။ မီဒီယာများတွင် နာမည်အရင်းဖြင့် ထုတ်ဖော် အကြောင်းကြား အသိ ပေးရန် ဝေးစွ၊ ဆိုရှယ်မီဒီယာများပေါ်တွင် ပေါ်ပေါ်ထင်ထင် ပြောဆိုရန်ပင် ကြောက်ရွံ့ရသည့် အနေအထားဖြစ်လာခဲ့သည်။

တစ်ဖက်တွင်လည်း အသစ်ပေါ်ပေါက်လာသည့် တော်လှန်ရေးအင်အားစုများ တိုက်ပွဲဝင် လှုပ်ရှားနေသော နယ်မြေများတွင်လည်း အုပ်ချုပ်သူအဖွဲ့အစည်းများအနေနှင့် အုပ်ချုပ်ရေးနှင့် နိုင်ငံရေး အင်စတီကျူးရှင်းအသစ်များ တည်ဆောက်နေချိန်တွင် မည်မျှအထိ ဒီမိုကရေစီ စံနှုန်းများကို ကျင့်သုံးခွင့်ရှိနေကြသနည်း၊ လုံခြုံရေးကို စိုးရိမ်ရသော အခြေအနေ အရပ်ရပ် ကြားတွင် ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ဖြစ်သော ပြည်သူတို့၏ သတင်းအချက်အလက်

ရပိုင်ခွင့်နှင့် ပြည်သူတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များ မည်မျှအထိ ခွင့်ပြုထား သနည်း၊ ပွင့်လင်း မြင်သာမှုကို မည်မျှအထိ အကောင်အထည် ဖော်နိုင်သနည်း ဆိုသည့် အခြေအနေ အချက်အလက်များကို သိရှိရန် ခက်ခဲလှသည်။ ထိုသို့ အုပ်ချုပ်ရေးစနစ်သစ်များ တည်ဆောက် လည်ပတ်ရာတွင်လည်းကောင်း၊ ထိုစနစ်များအောက် ပြည်သူတို့၏ သတင်း ရပိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များ ပေးအပ်ရာတွင်လည်းကောင်း ကြုံနေရသော အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံတို့ ကြားက ဆက်ဆံရေး - State Society Relations ကို သိရှိ နားလည်နိုင်ရန်အတွက် သုတေသနတစ်ရပ်ကို ဒေသခံတို့၏ အသံများဖြင့် ဆောင်ရွက်ရန် ပြင်ဆင်ခဲ့ပါသည်။

## သုတေသန အထူးပြုလေ့လာမည့်ဒေသများကို ရွေးချယ်မှု နောက်ခံ

၂၀၂၅ ခုနှစ် ဇန်နဝါရီလအထိ လေ့လာထားမှုများအရ မြန်မာနိုင်ငံတွင် တော်လှန်ရေး အင်အားစုများမှ အလုံးစုံ သိမ်းပိုက်နိုင်ပြီး အုပ်ချုပ်ရေးယန္တရား ပုံစံအမျိုးမျိုးဖြင့် လည်ပတ် နေသော မြို့နယ်ပေါင်း ၉၀ ကျော် အထိရှိလာပြီဖြစ်သည်။[3] ယင်းဒေသများ အနက် ကရင်နီ ပြည်တွင် မိုးဗြဲနှင့် မယ်စဲ့ ဒေသများ အပါအဝင် မြို့နယ် ၆ ခု၊ စစ်ကိုင်းဒေသတွင် မြို့နယ်ခွဲများ အပါအဝင် မြို့နယ် ၅ ခုတွင် တော်လှန်ရေးအင်အားစုများမှ ထိန်းချုပ် လွှမ်းမိုးထားပြီး၊ ရခိုင်ပြည်နယ်နှင့် နယ်မြေချင်း ထိစပ်နေသည့် မကွေးဒေသတွင်လည်း ကျေးလက်ဒေသ များစွာကို တော်လှန်ရေး အင်အားစုများမှ ထိန်းချုပ်ထားနိုင်ပြီး လွှမ်းမိုး နယ်မြေများလည်း တိုးလာလျက်ရှိသည်။

ထိန်းချုပ်လွှမ်းမိုးနယ်မြေ တိုးများလာသည်နှင့် အမျှ အုပ်ချုပ်ရေးနှင့် ပြည်သူ့ ဝန်ဆောင်မှုများ အစားထိုး တည်ဆောက်မှု လုပ်ငန်းများလည်း ပေါ်ပေါက်လာကြသည်ကို တွေ့ရသည်။ ကရင်နီပြည်၏ အဓိက အုပ်ချုပ်ရေး ဝန်ဆောင်မှုများကို ဆောင်ရွက်ကြသော အစုအဖွဲ့မှာ ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ (KIEC) ဖြစ်ပြီး ဒေသန္တရ

[3] Myanmar Peace Monitor။ (၂၀၂၅၊ ဇန်နဝါရီ ၉)။ [တော်လှန်ရေးအင်အားစုများမှ သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့ပေါင်း ၉၅ မြို့။]()

အုပ်ချုပ်ရေးအတွက် မြို့နယ်ပူးပေါင်း အုပ်ချုပ်ရေး ကော်မတီ ၆ ခုနှင့် မြို့နယ် ကြားကာလ အုပ်ချုပ်ရေးကောင်စီ ၁၀ ခုကို မြို့နယ်/မြို့နယ်ခွဲ ၁၆ ခုတွင် ဖွဲ့စည်းလည်ပတ်လျက်ရှိသည်။ ပူးပေါင်းအုပ်ချုပ်ရေး ကော်မတီတို့သည် သက်ဆိုင်ရာဒေသတွင် လှုပ်ရှားနေကြသော နိုင်ငံရေး၊ စစ်ရေး အင်အားစုများနှင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်း ဖြစ်သည်။[4] ယင်းကော်မတီများကို မယ်စဲ့မြို့နယ်၊ ရွာသစ်မြို့နယ်၊ ဒီဘောင်းခူမြို့နယ်၊ နန်းမယ်ခုံမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့တွင် ဖွဲ့စည်းလည်ပတ်လျက်ရှိပါသည်။[5] ထို့အတွက်ကြောင့် ကရင်နီပြည်ကို လေ့လာရာတွင် မြို့နယ် ကြားကာလ အုပ်ချုပ်ရေးကောင်စီ နှင့် KIEC ပိုမို လွှမ်းမိုးမှုရှိသော ဒီမောဆိုခရိုင် နှင့် တော်လှန်ရေး အင်အားစု တစ်ခုထက်ပိုမို လှုပ်ရှားပြီး ပူးပေါင်းအုပ်ချုပ်ရေး ကော်မတီများ ရှိသည့် မယ်စဲ့ခရိုင်ကို လွှမ်းခြုံလေ့လာရန် ရည်ရွယ်ခဲ့ကြသည်။

စစ်ကိုင်းနှင့် မကွေး ဒေသများတွင်လည်း ဒေသန္တရအုပ်ချုပ်ရေးကို အဓိက လည်ပတ်နေသည်မှာ အမျိုးသားညီညွတ်ရေးအစိုးရဖြစ်သည်။ ဒေသန္တရအုပ်ချုပ်ရေးကို လည်ပတ်ရာတွင် ကျေးရွာ၊ မြို့နယ်နှင့် ခရိုင်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး လည်ပတ်နေသည်ကို တွေ့ရသည်။ ၂၀၂၃ ခုနှစ် နှစ်ကုန်အထိ အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့သည် မြို့နယ်ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့များကို ၁၇၃ မြို့နယ်တွင် ဖွဲ့စည်းထားနိုင်ပြီး စစ်ကိုင်းတွင် မြို့နယ် ၃၅ ခု နှင့် မကွေး ၁၈ မြို့နယ်များတွင် ဖွဲ့စည်းလည်ပတ်လျက်ရှိသည်။ ခရိုင်ပြည်သူ့ အုပ်ချုပ်ရေးအနေဖြင့် စစ်ကိုင်းတွင် ၈ ခရိုင်၊ မကွေးတွင် ၂ ခရိုင်ဖြင့် ဖွဲ့စည်းထားနိုင်သည်။[6] စစ်ကိုင်းနှင့် မကွေး ဒေသများရှိ ကျေးရွာအများစုတွင်လည်း ပြည်သူ့အုပ်ချုပ်ရေးယန္တရားများ လည်ပတ်ထားနိုင်ပြီး ကျေးရွာအဆင့် ပြည်သူ့အုပ်ချုပ်ရေး ကော်မတီများဖွဲ့စည်းရာတွင် ရွေးကောက်ပွဲဖြင့် အဖွဲ့ဝင် အချို့ကို ရွေးချယ်ကြသည်ကိုလည်း တွေ့ရသည်။

အုပ်ချုပ်ရေးယန္တရား လည်ပတ်နေသည်နှင့်အမျှ ပြည်သူ့ရပ်ဝန်းပုံဖော်မှု ပွတ်တိုက်မှု အသစ်များကိုတွေ့ရသည်။ ဥပမာအားဖြင့် မကွေးတိုင်း ဂန့်ဂေါမြို့နယ်၊ ကျော၊မြို့ ကြားကာလ ဒေသန္တရ အုပ်ချုပ်ရေးဗဟိုကော်မတီမှ ပြည်သူများ လိုက်နာရန် တားမြစ်ချက် ၂၃ ချက် ထုတ်ပြန်

---

[4] IEC။ (၂၀၂၄၊ အောက်တိုဘာ ၃၁)။ [၂၀၂၄ ခုနှစ် တတိယ ၃လပတ်အစီရင်ခံစာ။]

[5] IEC။ (၂၀၂၄၊ အောက်တိုဘာ ၃၁)။ [၂၀၂၄ ခုနှစ် တတိယ ၃လပတ်အစီရင်ခံစာ။]

[6] National Unity Government. (2024, March 29). [Announcement: Interim implementation of local administration and social services.]

ခဲ့ပြီး ကျူးလွန်မှု ထင်ရှားပါက ဒေသန္တရ နည်းဥပဒေအရ သေဒဏ်ထိ ချမှတ်နိုင်ကြောင်း အမိန့်ထုတ်ပြန် ကြေညာခဲ့သည်။[7] ထိုထုတ်ပြန်ကြေညာချက်ကို ဂန့်ဂေါခရိုင် တပ်ရင်းအမှတ် ၁၉ ကလည်း ထောက်ခံကြောင်း ထုတ်ပြန်ခဲ့သည်။ ထို့အပြင် စစ်ကိုင်းနှင့် မကွေး ပြည်သူ့အုပ်ချုပ်ရေး ထိန်းချုပ်နယ်မြေများတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများက လှုပ်ရှားဆောင်ရွက်ပါက ခွင့်ပြုချက်များရယူရန် ထုတ်ပြန်ချက်များလည်း ထွက်ပေါ်လာခဲ့သည်။[8] ထို့အပြင် စစ်ကိုင်းနှင့် မကွေးရှိ ပြည်သူ့အုပ်ချုပ်ရေးယန္တရား၏ အုပ်ချုပ်မှုများကို ပြည်သူများ၏ ဆန္ဒပြမှုများလည်း ပေါ်ပေါက်လာခဲ့သည်။ စစ်ကိုင်းရှိ ထီးချိုင့်၊ ဝက်လက်၊ မော်လိုက်၊ ဝန်းသိုမြို့များရှိ ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့များအပေါ် ဆန္ဒပြမှုများသည် ထင်ရှားသည်။ ထို့ကြောင့် မိမိတို့ သုတေသနတွင် မကွေးရှိ ဂန့်ဂေါခရိုင် နှင့် စစ်ကိုင်းရှိ ယင်းမာပင် ခရိုင်များကို ပမာဏ လေ့လာမှု နယ်မြေများ အဖြစ် ရွေးချယ် လေ့လာခဲ့ကြသည်။

သုတေသနတွေ့ချက်များကို တင်ပြရာတွင် အုပ်ချုပ်ရေးယန္တရားများ၊ သတင်းရရှိမှုနှင့် လွတ်လပ်သော ပြည်သူ့ရပ်ဝန်းဟူသော အကြောင်းအရာ သုံးခုဖြင့် သုံးသပ်တင်ပြသွားပါမည်။ အုပ်ချုပ်ရေး အကြောင်းအရာ တွင် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံလူထုကြားအကြား ဆက်ဆံရေး၊ ပြည်သူ့ဝန်ဆောင်မှုများ ပါဝင်ပြီး သတင်း အချက်အလက်ရရှိမှုတွင် အချက်အလက်များ ရရှိသည့်နေရာများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးထားသည်။

---

[7] ယောအလင်းတန်း။ (၂၀၂၄၊ ဒီဇင်ဘာ ၁၃)။*[ကျော့မြို့ကြားကာလဒေသန္တရအုပ်ချုပ်ရေးဗဟိုကော်မတီ၏အုပ်ချုပ်ရေးအမိန့်]*။

[8] Myanmar Pressphoto Agency, ["ဆားလင်းကြီး မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးဒေသန္တရအမိန့် ၆/၂၀၂၃,"] *Facebook*, April 20, 2022.

## သုတေသန၏ ရည်ရွယ်ချက်

ယခုသုတေသန အစီရင်ခံစာမှာ တော်လှန်ရေးတပ်ဖွဲ့များ အားကောင်းသည့် နေရာများတွင် ပေါ်ပေါက်လာခဲ့သော အုပ်ချုပ်ရေး စနစ်သစ်များကြားမှ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံ ပြည်သူများ ကြားက ဆက်ဆံရေးများကို နားလည်နိုင်ရန်နှင့် ပြည်သူများ၏ အခြေခံ လူ့အခွင့်အရေး ဖြစ်သော သတင်းရယူပိုင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ပြည်သူ့ ရပ်ဝန်းများ၏ ထိုအသစ်ပေါ်လာသော အုပ်ချုပ်ရေး စနစ်သစ်များအောက်တွင် မည်ကဲ့သို့ အနေအထား ရှိသည်ကို ဆန်းစစ်နိုင်ရန် ဖြစ်သည်။

## သုတေသနမေးခွန်းများ

- လက်ရှိ လည်ပတ်နေကြသော အုပ်ချုပ်ရေး စနစ်သစ်များ အောက်တွင် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံ ပြည်သူတို့၏ ဆက်ဆံရေး State - society relations မှာ မည်သို့ရှိသနည်း။
- ထိုအုပ်ချုပ်ရေး စနစ်များအောက်တွင် အများပြည်သူတို့၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရယူခွင့်တို့မှာ မည်သို့ရှိသနည်း။
- ထိုအုပ်ချုပ်ရေးစနစ်များက ချမှတ်လိုက်သော မူဝါဒနှင့် အစီအမံများက ပြည်သူ့ရပ်ဝန်း Civic Space များအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိနေသနည်း။

## သုတေသနကွင်းဆင်းဒေသများ

(၁) ကရင်နီပြည်နယ် - ဒီမောဆိုနှင့် မယ်စဲ့ ခရိုင် (ဒီမောဆို၊ ဖရူဆိုနှင့် မယ်စဲ့ မြို့နယ်များ)

(၂) မကွေးတိုင်း - ဂန့်ဂေါခရိုင် (ဂန့်ဂေါ နှင့် ထီးလင်း မြို့နယ်များ)

(၃) စစ်ကိုင်းတိုင်း - ယင်းမာပင် ခရိုင် ( ဆားလင်းကြီး၊ ယင်းမာပင်နှင့် ပုလဲမြို့နယ်များ)

# သုတေသနနည်းနာ

ဤသုတေသနကို ပြင်ဆင်နေချိန်တွင်ပင် သုတေသနပြုလုပ်မည့် ဒေသကြီး ၃ ခုနှင့် စပ်လျဉ်းသော အကြောင်းအရာများကို စုဆောင်းခဲ့ပါသည်။ အာဏာသိမ်းမှုဖြစ်ပေါ်ခဲ့သည့် ၂၀၂၁ နောက်ပိုင်း ကာလများတွင် ဒေသအသီးသီးနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့ကြသော သုတေသနများစွာသည် လုံခြုံရေးကြောင့် အများသူငါ ဖတ်ရှုနိုင်သည့် ပလက်ဖောင်းများ ပေါ်တွင် ထင်ထင်ပေါ်ပေါ် အမြဲပင် မရှိနိုင်သော်လည်း ရနိုင်သမျှသော အချက်အလက်များကို စုဆောင်းခဲ့ကြသည်။ ဒေသတစ်ခု၏ ပစ္စုပ္ပန်ကာလကို လေ့လာလိုလျှင် ၎င်း၏အတိတ်မှ အရိပ်များ၊ အတိတ်က အုပ်ချုပ်ရေးပုံစံများ၏ အမွေများကိုလည်း မထိတွေ့ဘဲ လေ့လာ၍ မဖြစ်နိုင်ရာ ယခင်ကထုတ်ဝေခဲ့ကြသော ဒေသအသီးသီး၏ သတင်းမီဒီယာပေါ်မှ သတင်း မှတ်တမ်းများ၊ NGO, CSO များ ရေးသားထားသော အစီရင်ခံစာများကိုကိုးကား ခဲ့ကြသည်။

ဤသုတေသနသည် အုပ်ချုပ်ရေး ယန္တရားအသစ်များ ပေါ်ပေါက်သော ကာလ၏ လူ့အခွင့်အရေး အခြေအနေ မြင်ကွင်းများကို မှတ်တမ်းတင်လိုခြင်းလည်း ဖြစ်ရာ နိုင်ငံရေးနှင့် လုံခြုံရေးအရ အကဲဆတ်သော အခြေအနေများကြားတွင် ဆောင်ရွက်ခဲ့ရသည်။ အဓိကအားဖြင့် ဒေသခံ သုတေသီများ၏ နယ်မြေကျွမ်းကျင်မှုနှင့် အကဲခတ်နိုင်စွမ်း၊ လူ့အခွင့်အရေး သုတေသန မူဘောင်အတွင်းမှ စုံစမ်းထောက်လှမ်းနိုင်စွမ်းက ကွင်းဆင်း လေ့လာရာတွင် အရေးကြီးသော နေရာမှ ပါဝင်ခဲ့သည်။ ကွင်းဆင်း ကောက်ယူလာသော ဒေတာများတွင် လေးနက်စွာ နားထောင်ခြင်းများ ပါဝင်သော စုစုပေါင်း အသေးစိတ် အင်တာဗျူးပေါင်း In-depth Interviews ၅၀ ကျော်ကို ဆောင်ရွက်ခဲ့ပါသည်။ ဖြေဆိုပေးမည့်သူများကို ရွေးချယ်ရာတွင် ဘက်လိုက်ခြင်း ကင်းသော လွတ်လပ်သည့် အသံများကို ကိုယ်စားပြုနိုင်ရန် ကဏ္ဍစုံမှ နောက်ခံအခြေအနေ မတူသူများကို ဂရုပြုရွေးချယ်ခဲ့ကြပါသည်။

ထိုအင်တာဗျူးများ ဆောင်ရွက်ရာတွင် သိရှိလိုသော ဧရိယာများကို တစ်စိတ်တစ်ပိုင်းအားဖြင့် ကြိုတင်ပြင်ဆင်ထားကာ Semi-structured interview မေးခွန်းပေါင်း ၃၀ ခန့်ကို ဦးစားပေး မေးမြန်းခဲ့ပါသည်။ ထိုမေးခွန်းများတွင် အပိုင်း ၃ ပိုင်းပါဝင်ပြီး -

(၁) သက်ဆိုင်ရာဒေသမှ အုပ်ချုပ်ရေးစနစ်သစ် အသီးသီးအောက်တွင် ဖြစ်ပေါ်နေသော အုပ်ချုပ်သူ State နှင့် အုပ်ချုပ်ခံရသူ ပြည်သူတို့ကြားတွင် ဖြစ်ပေါ်နေသော ဆက်ဆံရေးပုံစံများ။

(၂) ထိုအုပ်ချုပ်ရေးစနစ်သစ်က ချမှတ်ထားသော အင်စတီကျူးရှင်းများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ကြားမှ ပြည်သူတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များ။

(၃) ပြည်သူတို့၏ သတင်းအချက်အလက်များ ရရှိပိုင်ခွင့်များ။

ကွင်းဆင်း ရရှိလာသော အချက်အလက်များကို သုံးသပ်ကြရာတွင် ဦးဆောင်သုတေသီများ အနေနှင့် ထိုဒေသများနှင့် မပြတ်ထိစပ်နေသော ကျွမ်းကျင်သူများ၊ သတင်းမီဒီယာသမားများ၊ အကယ်ဒမစ်များနှင့် တိုင်ပင် ဆွေးနွေးခြင်းများရှိခဲ့သည်။

# ကျင့်ဝတ်နှင့် စပ်လျဉ်း၍

ဤသုတေသနတွင် ဒေသတစ်ခုစီမှ နယ်မြေခံ သုတေသီနှစ်ဦးစီပါဝင်ပြီး ဦးဆောင် သုတေသီတစ်ဦးစီက ဒေသတစ်ခုစီမှ ကောက်ယူရရှိသော ဒေတာများကို တာဝန်ယူ ဆန်းစစ် သုံးသပ်ခဲ့သည်။ လုံခြုံရေးကြောင့် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ဤသုတေသနတွင် ဖော်ပြသွားမည် မဟုတ်ပါ။ လုံခြုံရေးနှင့် စပ်လျဉ်း၍ ယခုသုတေသနတွင် ပါဝင်ခဲ့သော နယ်မြေခံ သုတေသီများ၊ ဦးဆောင် သုတေသီများ၏ အမည်များကို ချန်လှပ် ခဲ့သော်လည်း နောင်အခြေအနေ ပေးလာပြီး ဘေးကင်းစိတ်ချရသော အနေအထားမျိုး ပြန်ရောက်ချိန်တွင် ကာယကံရှင်တို့၏ သဘောထားအတိုင်း ပြန်လည် ထုတ်ပြန်ပေးရန် ရည်ရွယ်ပါသည်။ ဖြေဆိုပေးခဲ့ကြသူများ၏ အမည်ကိုမူ နိုင်ငံရေး အကဲဆတ်သည့် အနေအထားတွင် နေထိုင်ရှင်သန်နေကြရသူများဖြစ်ရာ ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုနိုင်ခွင့်ကို ရှေးရှု၍ အမည်များကို ဖော်ပြသွားမည်မဟုတ်ပါ။ ထို့ပြင် အင်တာဗျူးများ ပြုလုပ်သော အခါတွင်လည်း အသံသွင်းစက်ဖြင့် မှတ်တမ်းရယူရာတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ သဘောတူညီမှုကို တောင်းခံခဲ့ပါသည်။ မိမိတို့ ကောက်ယူခဲ့သော ဒေတာများ အတွက် လုံခြုံရေးကိုလည်း အတတ်နိုင်ဆုံး ကျွမ်းကျင်သူများထံမှ လုပ်နည်းကိုင်နည်းနှင့် အကြံဉာဏ်များ တောင်းခံကာ စီမံခန့်ခွဲ သိမ်းဆည်းခြင်းအားဖြင့် သက်ဆိုင်သူ အားလုံး ဘေးကင်းစေရန် ရည်ရွယ် ဆောင်ရွက်ခဲ့သည်။

## သုတေသန၏ ပမာဏ အကျယ်အပြန့် နှင့် အကန့်အသတ်များ

ဤသုတေသနသည် အသစ်ပေါ်ပေါက်လာသော အုပ်ချုပ်မှုပုံစံများ အကြောင်းကို ကရင်နီပြည်၊ မကွေးနှင့် စစ်ကိုင်း ဒေသအတွင်းရှိသော နယ်မြေသုံးခုတွင် လေ့လာခဲ့ခြင်း ဖြစ်သည်။ အဆိုပါ နယ်မြေများသည် တော်လှန်ရေးတပ်များ၏ ထိန်းချုပ်မှုအောက်သို့ မြေပြင်တွင် အပြည့်အဝ ရောက်ရှိနေသော်လည်း စစ်ကောင်စီတပ်များက မကြာမကြာ လေကြောင်းမှ တိုက်ခိုက်မှုများ ကြုံရနိုင်သည့် အနေအထားရှိသလို၊ နယ်မြေအနေအထား မှာလည်း မကြာခဏ ဆိုသလို အဆုတ်အတက်များ ရှိနေခြင်းမှ မလွတ်ကင်းနိုင်သေးပေ။ သို့သော် ယခုလေ့လာချက်ကမူ အုပ်ချုပ်သူတို့နှင့် အုပ်ချုပ်ခံတို့ကြား အပြန်အလှန် ဆက်ဆံရေး ကို စူးစမ်းလိုသည့်တိုင်အောင် အုပ်ချုပ်ခံတို့ဘက်မှ ကြုံတွေ့ရသော ရှုမြင် သုံးသပ်ပုံ များကို ပို၍ အထူးပြုပါမည်။

သုတေသန ကွင်းဆင်း ဆောင်ရွက်ပြီး ရေးသားနေသည့် သတ်မှတ်ကာလ အတောအတွင်းကိုသာ လေ့လာနိုင်မည် ဖြစ်ရာ အဖြစ်အပျက် အားလုံးကို Longitudinal ကာလရှည် စောင့်ကြည့်သည့် သဘောဖြင့် သုံးသပ်ခြင်းမျိုး ပါဝင်လိမ့်ဦးမည် မဟုတ်ပါ။ ထို့ပြင် သုတေသနပြုခဲ့သည့် နယ်မြေများသည် ထိုမြို့နယ် တည်ရှိသည့် သက်ဆိုင်ရာ ပြည်နယ် တစ်ခုလုံးတွင် ဖြစ်ပျက်နေသော အခြေအနေ များကို ကိုယ်စားပြုလိမ့်မည် မဟုတ်ပါ။ တော်လှန်ရေးတပ် စိုးမိုးနယ်မြေသုံးခုကို ရွေးချယ်ထား သော်လည်း Rebel Governance ပုံစံ (တော်လှန်ရေးဘက်မှ စိုးမိုး အုပ်ချုပ်မှုပုံစံ) များ၏ သဘောသဘာဝကိုသာ ဖမ်းဆုပ် နားလည်မိစေရန် ရည်ရွယ်ထားသည်ဖြစ်ရာ[9] အုပ်ချုပ်သူ အဖွဲ့အစည်း တစ်ခုနှင့် တစ်ခုကြား လုပ်ငန်းထိရောက်မှု ရှိမရှိကို ကဏ္ဍအလိုက် တိုက်ဆိုင် နှိုင်းယှဉ် တိုင်းတာရန် Comparative study အဖြစ် စူးစမ်းခဲ့ခြင်းလည်း မဟုတ်ပါ။ ရွေးချယ်ထားသော နယ်မြေများသည် တစ်နယ်နှင့် တစ်နယ် သမိုင်းကြောင်းများ၊ တော်လှန်ရေးတလျှောက် သမိုင်း မှတ်တိုင် (trajectories) များနှင့် အုပ်ချုပ်သူများ၏ ဖွဲ့စည်းတည်ရှိပုံ Social Structure များ ကွာခြားကြရာ အုပ်ချုပ်သူများ၏ ချမှတ်သော စည်းမျဉ်း စည်းကမ်းနှင့် မူဝါဒများက ပြည်သူ့ ရုပ်ဝန်းများအား မည်သို့

[9] Florea, A., & Malejacq, R. (2024). The Supply and Demand of Rebel Governance. *International Studies Review*, *26*(1), viae004.

ဖော်ဆောင်နိုင်သည်၊ လွတ်လပ်မှုနှင့် အခြေခံလူ့အခွင့်အရေး အပေါ် မည်မျှအထိ တစ်နယ်စီ အပေါ် သက်ရောက်နေကြသည် ကိုသာ လေ့လာရန် ရည်ရွယ်ပါသည်။

အရေးကြီးသော အချက်တစ်ခုမှာ ပုံမှန်မဟုတ်သော တော်လှန်သည့် အုပ်ချုပ်မှု ယန္တရား (Rebel governance) ကို လေ့လာသည့် ဆန်းစစ်ချက်တစ်ခု ဖြစ်သောကြောင့် ပုံမှန်အစိုးရ တစ်ရပ်၏ အုပ်ချုပ်ပုံ Governance နှင့် လွတ်လပ်မှု၊ သတင်း အချက်အလက်ရရှိမှုတို့ကို တိုင်းတာတတ်ကြသည့် ရှိပြီးသား (readily available) နိုင်ငံတကာ အဖွဲ့အစည်းများစွာက သုံးစွဲလေ့ရှိကြသော အညွှန်းအစုစုများ (indicators & Index) များနှင့် တစ်ထပ်တည်း အံဝင်ခွင်ကျ ဖြစ်မည် မဟုတ်ကြောင်းပင်။ သို့ဖြစ်ရာ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာ အရေးကို အားပေးသည့် ရှုထောင့်ကိုလက်စွဲပြုကာ လက်ရှိ မြန်မာပြည် တော်လှန်ရေးအတွင်း အုပ်ချုပ်ရေးသစ် ပေါ်ပေါက်လာပုံများကို ထင်ဟပ်နိုင်မည့် အညွှန်းများ (Indicators) ကို ဖော်ထုတ်ကာ ပြင်ဆင်ခဲ့ကြပါသည်။

# တွေ့ရှိချက်များ - အုပ်ချုပ်ရေးယန္တရား

ယခု သုတေသနေ လေ့လာထားသော ဒေသသုံးခုတွင် ဒေသခံ သုတေသီများ၏ အချက်အလက် ကောက်ယူမှုများ နှင့် သုတေသီများ၏ ဆန်းစစ် လေ့လာချက်များအရ အသွင်ကွဲပြားသော အုပ်ချုပ်ရေးစနစ်များ လည်ပတ်လျက်ရှိသည်။

## အမျိုးသားညီညွတ်ရေး အစိုးရ၏ အုပ်ချုပ်ရေးယန္တရား - စစ်ကိုင်းနှင့် မကွေး

စစ်ကိုင်းဒေသရှိ စစ်တမ်းကောက်ယူသည့် နေရာများဖြစ်သည့် ယင်းမာပင်မြို့နယ်၊ ပုလဲမြို့နယ်၊ ကနီမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်များရှိ အုပ်ချုပ်ရေးကို အမျိုးသားညီညွတ်ရေး အစိုးရ (National Unity Government – NUG) မှ အဓိက လည်ပတ်လျက်ရှိသည်။ ဖြေဆိုသူအားလုံးက ထိုသို့လည်ပတ်ရာတွင် ပသုံးလုံးယန္တရား ဖြစ်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ)၊ ပြည်သူ့လုံခြုံရေးအဖွဲ့ (ပလဖ)၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) များဖြင့် အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ထိုနည်းတူစွာပင် မကွေးဒေသရှိ ဖြေဆိုသူ အများစုကလည်း ပသုံးလုံးယန္တရားကို အဓိက အုပ်ချုပ်ရေးယန္တရား အဖြစ် ရည်ညွှန်းကြသည်။ ထိုပြည်သူ့အုပ်ချုပ်ရေး ယန္တရားကို လည်ပတ်ရာတွင် ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ နှင့် ခရိုင် အဆင့်များဖြင့် ဖွဲ့စည်းထားကြသည်။ တိုင်းအဆင့် ပြည်သူ့အုပ်ချုပ်ရေးယန္တရားကို ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ရှိသော်လည်း အပြည့်အဝလည်ပတ်နိုင်ခြင်း မရှိသေးသည်ကိုလည်း တွေ့ရသည်။[10]

အမျိုးသားညီညွတ်ရေး အစိုးရ၊ ကြားကာလ ဒေသန္တရ အုပ်ချုပ်ရေး ဖော်ဆောင်မှုဗဟိုကော်မတီ၏ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းလမ်းညွှန်ချက်အရ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များကို မြို့နယ်၊ ခရိုင်နှင့် တိုင်းအဆင့် ဖွဲ့စည်းရာတွင် ၂၀ ဦး စီဖြင့် ဖွဲ့စည်းရမည်ဟု ပါရှိသည်။[11]

---

[10] ဒေသခံသုတေသီများ၏ လေ့လာမှုအရ။

[11] ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့လုပ်ငန်းလမ်းညွှန်အမျိုးသားညီညွတ်ရေးအစိုးရ၊ကြားကာလဒေသန္တရအုပ်ချုပ်ရေးဖော်ဆောင်မှုဗဟိုကော်မတီ။ (၂၀၂၄၊ မေ ၁၈)။

ယင်းသို့ဖွဲ့စည်းရာတွင် ပြည်သူ့အုပ်ချုပ်ရေးတာဝန်ခံက ဦးဆောင်ပြီး ပြည်သူ့ကာကွယ်ရေး (ပကဖ) တာဝန်ခံက ဒုတိယခေါင်းဆောင်အဖြစ် တာဝန်ယူသည် ကိုတွေ့ရသည်။

**ဇယား ၁။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပုံ။**

| | |
|---|---|
| ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တာဝန်ခံ | ခေါင်းဆောင် |
| ပြည်သူ့ကာကွယ်ရေးတာဝန်ခံ | ဒုခေါင်းဆောင် |
| ပြည်သူ့လုံခြုံရေးတာဝန်ခံ | အဖွဲ့ဝင် |
| ဘဏ္ဍာရေးတာဝန်ခံ | အဖွဲ့ဝင် |
| ကျန်းမာရေးတာဝန်ခံ | အဖွဲ့ဝင် |
| ပညာရေးတာဝန်ခံ | အဖွဲ့ဝင် |
| လူသားချင်းစာနာထောက်ထားရေး နှင့် ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုတာဝန်ခံ | အဖွဲ့ဝင် |
| လူ့အခွင့်ရေးရာတာဝန်ခံ | အဖွဲ့ဝင် |
| သံယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တာဝန်ခံ | အဖွဲ့ဝင် |
| အမျိုးသမီး၊လူငယ်နှင့် ကလေးသူငယ်ရေးရာ တာဝန်ခံ | အဖွဲ့ဝင် |
| အလုပ်သမားရေးရာတာဝန်ခံ | အဖွဲ့ဝင် |
| ဥပဒေရေးရာတာဝန်ခံ | အဖွဲ့ဝင် |
| ဆက်သွယ်ရေး၊သတင်းအချက်အလက်နှင့် နည်းပညာရေးရာ တာဝန်ခံ | အဖွဲ့ဝင် |
| လျှပ်စစ်၊စွမ်းအင်နှင့်ဆောက်လုပ်ရေးရာတာဝန်ခံ | အဖွဲ့ဝင် |

| | |
|---|---|
| စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးရာတာဝန်ခံ | အဖွဲ့ဝင် |
| စိုက်ပျိုး၊ မွေးမြူရေးရာတာဝန်ခံ | အဖွဲ့ဝင် |
| စည်ပင်သာယာရေးရာတာဝန်ခံ | အဖွဲ့ဝင် |
| အခွန်တော်အရာရှိ | အဖွဲ့ဝင် |
| စာရင်းစစ်အရာရှိ | အဖွဲ့ဝင် |
| ရုံးအဖွဲ့မှူး | အဖွဲ့ဝင် |

လုပ်ငန်းလမ်းညွှန်ချက်အရ အထက်ပါ ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းရန် ရည်ရွယ်ထားသော်လည်း မြေပြင်တွင် ဖွဲ့စည်းပုံအပြည့်ဖြင့် လည်ပတ်နိုင်ခြင်း မရှိသေးပါ။ သို့သော်လည်း စစ်ကိုင်းဒေသနှင့် မကွေးဒေသများတွင် ပအဖ၊ ပကဖ နှင့် ပလဖ တာဝန်ခံများ အပါအဝင် ရေးရာတာဝန်ခံ အများစုဖြင့် ခန့်ထား လည်ပတ်နိုင်နေပြီ ဖြစ်သည်ကို တွေ့ရှိရသည်။[12]

ကျေးရွာ၊ တိုက်နယ် အဆင့်များတွင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းရာတွင် မြို့နယ် ပအဖက ဦးဆောင်ပြီး ဒေသခံလူထု၏ ဆန္ဒများဖြင့် ကျေးရွာပအဖများကို ဖွဲ့စည်းရန် ညွှန်ကြားချက်များရှိသည်။ ဖွဲ့စည်းရာတွင် ပအဖ တာဝန်ခံ၊ ပကဖ တာဝန်ခံ၊ ပလဖ တာဝန်ခံနှင့် ရပ်ရွာကိုယ်စားလှယ်၂ ဦး ၅ ဦး ဖြင့် ဖွဲ့စည်းရသည်။ ပကဖနှင့် ပလဖ တာဝန်ခံများကို ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနက ရွေးချယ်ခန့်အပ်မှုကို အဓိက ပြုလုပ်သည်။ သို့သော်လည်း ကျေးရွာများတွင် အင်အားပြည့် ပုံစံပြည့် လည်ပတ်နိုင်မှု အားနည်း နေသေးသည်ကိုလည်း တွေ့ရှိရသည်။ ရွေးကောက်ပွဲဖြင့် ကျေးရွာပြည်သူ့ အုပ်ချုပ်ရေး အဖွဲ့ များကို လူထုနှင့်နီးစပ်သည့် ကျေးရွာများတွင်သာ လွတ်လပ်စွာ မဲပေးရွေးချယ်ခွင့် ရကြသည်ကို တွေ့ရသည်။

[12] စစ်ကိုင်းဒေသခံသုတေသီများ၏ ကိုယ်တိုင်တွေ့ကြုံလေ့လာမှု (၂၀၂၄၊ ဒီဇင်ဘာ)။

"NUG ကနေပြီးတော့ ရွာလေးတွေကို ကိုယ့်ဟာနဲ့ကိုယ် အုပ်ချုပ်ဖို့ ချပေးထားတာလေးတွေတော့ ရှိတယ်။ စောစောကတော့ အုပ်ချုပ်သူ ၅ ဦးရှိတယ်။ အခု တော့ ၃ ဦး ပဲ ကျန်တော့တယ်၊ ၂ ဦးက လုပ်ငန်းပိုင်းဆိုင်ရာ ကြောင့်၊ ကိုယ်ရေး ကိုယ်တာ ကိစ္စကြောင့် ထွက်သွားတယ်။ ဒီလူသုံးဦး ကော်မတီကတော့ NUG လမ်းစဉ် အတိုင်းအုပ်ချုပ်ပေးနေကြတယ်။"

**(စစ်ကိုင်းဒေသခံတစ်ဦး၊**

**အောက်တိုဘာ ၂၀၂၄)**

"တချို့ရွာနေ ပြည်သူလူထု ဆန္ဒကို အလေးထားတဲ့ ရွာတွေမှာတော့ လူထုက ရွေးချယ်ချင်တဲ့ လူကို ရွေးချယ်ခွင့် ရကျတယ်၊ လူထု ရွေးကောက်ပွဲ အနေနဲ့ ပအဖ မှာလည်း မဲပေးခွင့်ရှိတယ်၊ ဒါက ရွာတိုင်းမှာတော့ မဟုတ်ဘူးဗျ "

**(စစ်ကိုင်းဒေသခံသူတောသီ၊**

**ဒီဇင်ဘာ ၂၀၂၄)**

"NUGရဲ့ မူဝါဒအောက်က ပအဖ လက်အောက်မှာ ဝန်ကြီးဌာန ၁၇ ဌာန နဲ့ အုပ်ချုပ်နေပါတယ်။ အဲ့ဒီ အုပ်ချုပ်မှုက ထီးလင်းတစ်မြို့နယ် လုံးကိုတော့ မသက်ရောက် သေးဘူး။"

**(ထီးလင်းမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

အမျိုးသားညီညွတ်ရေးအစိုးရ၏ အုပ်ချုပ်ရေးယန္တရားသည် မကွေးဒေသတွင်လည်း စစ်ကိုင်းဒေသကဲ့သို့ပင် လည်ပတ်ရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော်လည်း ယခုသုတေသန လေ့လာတွေ့ရှိချက်များအရ မကွေးဒေသတွင် အမျိုးသားညီညွတ်ရေး အစိုးရမဟုတ်သော အခြားသော အင်အားစုများ၏ အုပ်ချုပ်ရေးယန္တရားများ လည်ပတ်နေလျက် ရှိသည်ကိုလည်း တွေ့ရသည်။

အထူးသဖြင့် ယခုသုတေသန အထူးပြုလေ့လာလျက်ရှိသော မကွေးဒေသ၊ ထီးလင်းမြို့နယ်တွင် အမျိုးသားညီညွတ်ရေး အစိုးရအောက်ရှိ ပကဖ၊ ပလဖ၊ ပအဖနှင့် ပသုံးလုံးမဟုတ်သော ဒေသအုပ်ချုပ်ရေးအဖွဲ့များလည်း အုပ်ချုပ်ရေး ဆောင်ရွက် လျက်ရှိသည်ကို တွေ့ရသည်။ ဂန့်ဂေါမြို့နယ်တွင် အမျိုးသားညီညွတ်ရေးအစိုးရ၏ ပကဖ၊ ပလဖ၊ ပအဖတို့မှ အုပ်ချုပ်ရေး ဆောင်ရွက်နိုင်သည်။ သို့သော်လည်း ထီးလင်းမြို့နယ် အရှေ့ခြမ်းရှိ ရွာများကို ပသုံးလုံးမှ အုပ်ချုပ်လျက် ရှိပြီး မြို့နယ် အနောက်ခြမ်းရှိ ၄၀ ရွာကို အမျိုးသားညီညွတ်ရေး အစိုးရလက်အောက်ခံ မဟုတ်သည့် ယောတော်လှန်ရေးတပ် (Yaw Revolution Army – YRA/ Yaw Defense Force- YDF) မှ အုပ်ချုပ်ရေး ဆောင်ရွက်လျက် ရှိကြောင်းတွေ့ရသည်။[13]

YDF တပ်ဖွဲ့ရှိတဲ့ ရွာတွေ ဘက်ကလည်း အုပ်ချုပ်ရေးတော့ လုပ်မှဖြစ်မှာ ဆိုပြီး ပြည်သူတွေ ကလည်း ကျေးရွာ အလိုက် တစ်ကျေးရွာမှာ တစ်ယောက် ရွေး၊ ရွာတွေ ပေါင်းပြီး ပြန်ရွေး ပြီးမှ မြို့နယ် အုပ်ချုပ်ရေး အဖွဲ့ ဆိုပြီး ဖွဲ့တယ်။ ဒါပေမယ့် အနောက်ခြမ်း ပဲပေါ့”

**(ထီးလင်းမြို့နယ် ဒေသခံတစ်ဦး၊**

**အောက်တိုဘာ ၂၀၂၄)**

ဒေသခံ သုတေသီများ၏ ကောက်ယူ ရရှိသော အချက်အလက်များ အရ ထီးလင်း မြို့နယ် အနောက်ဘက် YRA အုပ်ချုပ်ရေး ယန္တရားကို ပြည်သူများမှ ရွေးချယ် တင်မြှောက်ထားသူများနှင့် ဆောင်ရွက်လျက် ရှိကြောင်း သိရသော်လည်း မြို့နယ် အရှေ့ခြမ်းရှိ ပသုံးလုံး ယန္တရား တွင်မူ အမျိုးသား ညီညွတ်ရေး အစိုးရမှ ခန့်အပ် ထားသူများဖြင့်သာ ဖွဲ့စည်းထားကြောင်း သိရှိ ရသည်။ ယင်းကဲ့သို့ အရှေ့နှင့် အနောက် ကွဲပြား နေသော ထီးလင်း မြို့နယ် ရှိ အုပ်ချုပ်ရေး ကို စုစည်းရန် ကြိုးပမ်းခဲ့ သော်လည်း သီးခြား ပြန်ဖြစ်သွားကြောင်း သိရသည်။

[13] မကွေးဒေသခံသုတေသီများ၏ ဂန့်ဂေါနှင့်ထီးလင်းရှိ ဒေသခံများကိုအင်တာဗျူးမေးမြန်းခဲ့ခြင်း (အောက်တိုဘာ၊နိုဝင်ဘာ ၂၀၂၄)

"ကျွန်တော်တို့ အားလုံးဟာ ထီးလင်းမြို့နယ်ကို အုပ်ချုပ်ရေး နှစ်ဖွဲ့ ပုံစံမျိုးနဲ့ မဖြစ်လိုဘူး။ မဖြစ်လိုတော့ အရှေ့ပိုင်းနဲ့ အနောက်ပိုင်း အကြိမ်ကြိမ် ဆွေးနွေးတာ ၆ ကြိမ်လောက် ရှိပါတယ်။ နောက်ဆုံးပိတ်ကျ ဘယ်လိုဖြစ်သွားလဲဆိုတော့ နှစ်မြို့နယ်လုံးကို ပူးတွဲအနေနဲ့သွားမယ်ဆိုပြီး သဘောတူခဲ့ကြတယ်။ ပူးတွဲအနေနဲ့ သွားတော့ ဟိုဘက်ကလည်း အုပ်ချုပ်ရေးက ဥက္ကဋ္ဌ ပအဖ၊ ပကဖ တာဝန်ခံရှိသလို ဒီဘက်ကလည်း ပအဖ၊ ပကဖ တာဝန်ခံရှိတယ်။ သူတို့ လေးယောက်ပူးတွဲပြီးမှ ကျန်တဲ့ ဝန်ကြီး ဌာနတွေကိုတော့ ခွဲဝေပြီး သွားတယ်။ ဒီလိုသွားလိုက်တာ ဘယ်လောက်မှ မခံလိုက်ဘူး။ တစ်လပဲ ကြာတယ်။ ရွာပေါင်း ၃၀ က ဒီလို မသွားချင်ဘူးဆိုပြီးမှ တစ်ခါ ပြန်ခွဲထွက်ခဲ့ကြတယ်။ အခုအချိန်ထိ ခွဲထွက်တဲ့အတိုင်း နှစ်ဖွဲ့ကွဲနေတယ် ပေါ့ဗျာ"

**(ထီးလင်းမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

## ကရင်နီ အုပ်ချုပ်ရေးယန္တရား - ဒီမောဆို၊ မယ်စဲ့

ကရင်နီဒေသတွင် အုပ်ချုပ်ရေးကို ကရင်နီပြည်ကြားကာလ စီမံအုပ်ချုပ်ရေးကောင်စီ (Interim Executive Council of Karenni State - IEC) က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကရင်နီဒေသတွင် အဓိကအားဖြင့် ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီသည် အုပ်ချုပ်ရေးတာဝန်ကိုယူပြီး ဥပဒေပြုရေးအတွက် ကရင်နီပြည် ကြားကာလ လွှတ်တော် (Karenni State Interim Parliament - KSIP)၊ တရားစီရင်ရေးအတွက် ကရင်နီပြည် ကြားကာလ တရား စီရင်ရေး (Karenni State Interim Judiciary - KSIJ) တို့နှင့်အတူ နိုင်ငံရေးနှင့် မူဝါဒရေးရာ ဦးဆောင်မှုအတွက် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council - KSCC) တို့က အုပ်ချုပ်ရေးယန္တရားကို ယေဘုယျ လည်ပတ် ဆောင်ရွက်လျက်ရှိသည်။ KIEC မှ အုပ်ချုပ်ရေး လွှမ်းခြုံနိုင်မှုသည် ဒီမောဆို၊ ဖရူဆို ဒေသများအပြင် မယ်စဲ့ အထိလည်း သက်ရောက်မှု ရှိကြောင်း ဒေသခံသုတေသီများ၏ အချက်အလက် ကောက်ယူမှုများမှ တဆင့် သိရသည်။ KIEC မှ အုပ်ချုပ်ရေး ယန္တရားလည်ပတ်ရာတွင် ကျေးရွာ၊ မြို့နယ်နှင့် ခရိုင် အဆင့်အဆင့်ဖြင့် အုပ်ချုပ်နိုင်ရေးလည်း ဆောင်ရွက်နေသည်ကိုတွေ့ရသည်။


သို့ရာတွင် ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (Karenni National People's Liberation Front) (KNPLF) ၏ ဌာနချုပ်တည်ရှိရာ မယ်စဲ့ဒေသတွင် KNPLF သည် IEC နှင့် အုပ်ချုပ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ကြောင်း သိရှိရသည်။ KIEC ၏ ထုတ်ပြန်ချက် အရလည်း မယ်စဲ့ဒေသ အုပ်ချုပ်ရေးကို ကရင်နီတိုးတက်ရေးပါတီနှင့် ကရင်နီ လူမျိုးပေါင်းစုံ ပြည်သူ့လွတ်လပ်ရေး တပ်ဦးတို့ဖြင့် ပူးပေါင်းပြီး မယ်စဲ့မြို့နယ်ပူးပေါင်း အုပ်ချုပ်ရေးကော်မတီ အဖြစ် အုပ်ချုပ်နေသည်ကိုသိရှိရသည်။ [14]

"အာဏာသိမ်းပြီးနောက်ပိုင်းမှာက KSCC ပေါ်လာတယ်၊ KSCC ပြီးတော့ ကြားကာလမှာ IEC ဆိုတဲ့ ကြားကာလ အုပ်ချုပ်ရေးအစီအမံနဲ့ အုပ်ချုပ်နေတယ်။ အုပ်ချုပ်ရေး ကဏ္ဍမှာဆိုရင် မဏ္ဍိုင် ၃ ခု နဲ့ တရားရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင် ဆိုပြီး ၃ ခု နဲ့သွားနေတယ် အဲ့အထဲကမှ အုပ်ချုပ်ရေး အောက်က သွားတဲ့ ဌာနဆိုင်ရာ အများကြီးရှိတယ်လို့ သိရတယ် အုပ်ချုပ်ရေးမှာ ကျေးရွာ အုပ်စုကနေ မြို့နယ်၊ မြို့နယ်မှ ပြည်နယ် တစ်ဆင့် တစ်ဆင့် သွားနေတာကိုတွေ့ရတယ်။"

**(ဒီမောဆိုမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

---

[14] IEC။ (၂၀၂၄၊ အောက်တိုဘာ ၃၁)။ ၂၀၂၄ ခုနှစ် တတိယ ၃လပတ်အစီရင်ခံစာ။ Retrieved from https://www.facebook.com/share/1KQQ655qhb/?mibextid=wwXIfr




ပုံ-၁။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးယန္တရားများ (ကျမ်းကိုး၊ Progressive Voice et al, 2024)[15]

[15] Progressive Voice Myanmar. (2024, October 9). *Federalism from the ground up: The Karenni model of nation-state building.* Retrieved from https://progressivevoicemyanmar.org/2024/10/09/federalism-from-the-ground-up-the-karenni-model-of-nation-state-building/

## အုပ်ချုပ်သူများအပေါ် ပြည်သူ့အမြင်နှင့် ပြည်သူ့အသံ

ယခုသုတေသနတွင် ဒေသခံသုတေသီများ၏ ကောက်ယူရရှိထားသော အချက်အလက်များအရ အုပ်ချုပ်သူ၊ လက်နက်ကိုင်အဖွဲ့များနှင့် ပတ်သတ်သည့် ပြည်သူလူထု၏ အမြင်နှင့်အသံများကို စုစည်းလေ့လာနိုင်ခဲ့သည်။

"ကျွန်တော်တို့ရွာမှာကတော့ NUG အောက်မှာပဲရှိတဲ့ ပအဖနဲ့ ပကဖကတော့ သူတို့ချင်းအဆင်ပြေတယ်၊ တခြားလက်နက်ကိုင်အဖွဲ့တွေလည်း ကျွန်တော်တို့ရွာမှာ ရှိတာကို၊ အဲ့တာတွေနဲ့တော့ နည်းနည်းပါးပါးတော့ ရှိတာပေါ့၊ ဥပမာ ဘယ်လိုတွေတုန်းဆိုတော့ ဂိတ်နှစ်ဂိတ် ပြိုင်ဖွင့်တာမျိုးတို့ တခြားလက်နက်ကိုင်တွေက လုပ်လာ တာတွေလည်း တွေ့ရတယ်ပေါ့၊ အဲ့လိုပွတ်တိုက်မှုလေးတွေ အနည်းအကျဥ်းတော့ရှိတယ်၊ များသောအားဖြင့်တော့ အဆင်ပြေပါတယ်။"

**(ပုလဲမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

စစ်ကိုင်းဒေသရှိ သုတေသနတွင် ပါဝင်ဖြေဆိုသူများ အဆိုအရ စစ်ကိုင်းဒေသတွင် အုပ်ချုပ်ရေးနှင့် တော်လှန်ရေးလက်နက်ကိုင်အင်အားစုများကြား အများအားဖြင့် ကောင်းမွန်သော ဆက်ဆံရေး ရှိကြသည်။ သို့သော်လည်း အမျိုးသားညီညွတ်ရေး အစိုးရလက်အောက်ခံ လက်နက်ကိုင်အဖွဲ့များနှင့် လက်အောက်ခံမဟုတ်သော ဒေသခံအဖွဲ့များကြား ပွတ်တိုက်မှု အချို့ရှိပြီး ပြည်သူ့ကာကွယ်ရေးအဖွဲ့ နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် တပ်ရင်းများကြား အချို့နေရာများတွင် ပွတ်တိုက်မှုများ လည်းရှိကြသည်ကိုတွေ့ရသည်။ [16]

---

[16] BBC Burmese. "NUG ဖြေရှင်းရမယ့် 'ပသုံးလုံး' အာဏာစက်. " *BBC Burmese*, September 26, 2024. https://www.bbc.com/burmese/articles/cnvd3n4gne7o?fbclid=IwZXh0bgNhZW0CMTEAAR3Itop7XxUym5i2Wg1Xev0lqitW1-ZUOevt1n497Q_VQs1RB3otFzi2dZo_aem_rZPBAxcdfpVWGEz4CjikGA.

သို့သော်လည်း ယခုသုတေသနအထူးပြုလေ့လာသော ဂန့်ဂေါဒေသရှိ အုပ်ချုပ်ရေး အဖွဲ့အစည်းများ နှင့် လက်နက်ကိုင်များအကြား ဆက်ဆံရေးနှင့် စပ်လျဉ်း၍ ဖြေဆိုသူများ၏ အတွေ့အကြုံများကို မေးမြန်းကြည့်ရာတွင် ပွတ်တိုက်မှုများ ရှိကြောင်း ဖြေဆိုကြသည်။ ထီးလင်း မြို့နယ်တွင် အမျိုးသားညီညွတ်ရေးအစိုးရလက်အောက်ရှိ လက်နက်ကိုင်အဖွဲ့များ ဖြစ်သည့် ပလဖနှင့် ပအဖများအကြား ပြေလည်မှုရှိပြီး ၎င်းတို့နှင့် အခြား လက်နက်ကိုင်များ အကြား ပြေလည်မှု မရှိကြောင်းသိရသည်။ အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်း ထီးလင်းမြို့နယ် အဆင့်တွင် အုပ်ချုပ်ရေးနှစ်ဖွဲ့ ရှိနေပြီး ရပ်ရွာ အုပ်ချုပ်ရေးတွင်လည်း လက်နက်ကိုင်များနှင့် ဆက်ဆံရေး မပြေလည်ကြောင်း သိရသည်။ အထူးအားဖြင့် ယခုသုတေသန လေ့လာသော ဒေသများတွင် လက်နက်ကိုင် အဖွဲ့များသည် အုပ်ချုပ်ရေး အဖွဲ့များထက် ပိုမို အာဏာရှိကြပြီး လွှမ်းမိုးမှုရှိသည်ကိုတွေ့ရသည်။

"ထီးလင်းမြို့နယ် အုပ်ချုပ်ရေး အရှေ့ခြမ်းနှင့် အနောက်ခြမ်း ကွဲနေတာ အရှေ့ဘက်က အဖွဲ့ကိုတော့ ကျွန်တော် မပြောလိုဘူး။ အနောက်ဘက်က အဖွဲ့ကတော့ ကာကွယ်ရေး အဖွဲ့နဲ့ အုပ်ချုပ်ရေးအဖွဲ့မှာ အုပ်ချုပ်ရေးက ပြယုဂ်တစ်ခုသာ ဖြစ်နေတယ်။ ကာကွယ်ရေးရဲ့ လမ်းစဉ်အတိုင်း ဘယ်နေ့ဘယ်နေရာမှာ နွားကို ပိတ်ရမယ်ဆို ပိတ်တယ်၊ အားကစားက ဘယ်နေ့မလုပ်ရဘူးဆို မလုပ်ဘူး။ သူတို့ တပ်က ပြောတဲ့ အတိုင်း လိုက်လုပ်နေတဲ့ ရုပ်သေးရုပ် ဖြစ်နေတယ်။ ခိုင်းတဲ့အတိုင်း လုပ်နေရတာ။ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် မရှိဘူး။ ကာကွယ်ရေး အဖွဲ့တွေက အုပ်ချုပ်ရေးမှာ သူတို့ ပြောတဲ့အတိုင်း လုပ်တဲ့သူကိုပဲ ခန့်ထားတာ။ ပြန်ခံပြောရင် အကုန်ဖြုတ်ပစ်တာ။"

**(ထီးလင်းမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

"၂၀၂၁ တော်လှန်ရေးကာလ အစောပိုင်းမှာ အရင်ပေါ်ပေါက်လာတာကတော့ ကာကွယ်ရေးတပ်အဖွဲ့ပေါ့။ နောက်ပိုင်းကျ ကာကွယ်ရေးတစ်ခုတည်း ဖြစ်နေလို့ မရဘူး။ အုပ်ချုပ်ရေးလည်း ရှိရမယ်ဆိုပြီး အုပ်ချုပ်ရေးကို ဖွဲ့စည်းလိုက်တယ်။ ပြောရမယ်ဆိုရင် ကာကွယ်ရေးက အရှေ့မှာရောက်နှင့်ပြီးသား အရှိန်လည်းရှိ၊ နယ်မြေ စိုးမိုးမှုလည်း ရှိနေတော့ ပအဖကို လွှမ်းမိုးမှုရှိတယ်။ တကယ့် အုပ်ချုပ်ရေးမှာဆိုတော့ ပအဖက ပအဖ သက်သက်၊ ပကဖက ပကဖ သက်သက် ရှိရမယ်ဆိုပေမယ့် ကျွန်မတို့ ဒေသန္တရမှာတော့ အုပ်ချုပ်ရေးက ကာကွယ်ရေးနောက်မှာပဲရှိတယ်။ အဲ့ဒါကြောင့် ကာကွယ်ရေး သမားတွေကလည်း မာန်လေးတွေ တက်နေကြတယ်လို့မြင်တယ်။"

**(ဂန့်ဂေါမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

"ရွာထဲ ဆိုင်ဖွင့် ထားသူတွေက ဈေးဆိုင်တွေ အပိတ်ခံရမယ် ပြောလို့ စည်းမျဉ်းတွေ လိုက်နာနေရတာ။"

**(ကနီမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

ပြည်သူ့အုပ်ချုပ်ရေး ယန္တရားလည်ပတ်ပြီး ပြည်သူ့ဝန်ဆောင်မှုများ ပေးသည့်အခါ စစ်ကိုင်းနှင့် မကွေး ဒေသရှိ ပြည်သူ့ အုပ်ချုပ်ရေး အဖွဲ့များသည် သတ်မှတ်ထားသည့် စည်းမျဉ်း မူဘောင်များဖြင့် အကောင်ထည်ဖော်မှု အားနည်းပြီး ဖိအားပေး အုပ်ချုပ်မှု အချို့ ရှိသည်ကို တွေ့ရသည်။

မြို့နယ်၊ ရပ်ကျေး အဆင့်အဆင့်ဖြင့် စည်းမျဉ်း၊ စည်းကမ်းများ ထုတ်ပြန် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသော်လည်း အသေးစိတ်များကို သိရှိမှု မရှိကြောင်း ဒေသခံများက ဖြေကြားကြသည်။ ထို့အပြင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပုလဲဒေသခံတစ်ဦးက စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားသော်လည်း အကောင်အထည်ဖော်ရာ၌ လျော့ရဲလျက်ရှိကြောင်း၊ အုပ်ချုပ်သူများက အဟန့်အတား သဘောမျိုးသာ ဖြစ်ပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှု မရှိကြောင်း ပြောကြားသည်။ ယင်းမာပင် ဒေသခံတစ်ဦးကလည်း အုပ်ချုပ်သူများက စည်းမျဉ်းဥပဒေများကို လိုသလို အဓိပ္ပါယ်ဖွင့် ဆောင်ရွက်ကြောင်း ပြောဆိုသည်။ ဒလန်၊ သူလျှိုမိပါက စည်းမျဉ်းဥပဒေနှင့် အရေးယူမှုမရှိဘဲ တရားလက်လွတ်သတ်ဖြတ်မှု ရှိကြောင်း၊ စည်းမျဉ်းဥပဒေများနှင့် ပတ်သက်၍ သေချာ မသိရကြောင်း ပြောကြားသည်။ ထင်ရှားသည့် ဖြစ်ရပ်များအဖြစ် ၂၀၂၂ ဩဂုတ်လ အတွင်းတွင် စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်တွင်း လူငယ် ၃ ဦး နှင့် အမျိုးသမီး ၄ ဦးကို စစ်တပ် သတင်းပေး ဒလံအဖြစ်စွပ်စွဲပြီး ကျေးရွာပကဖ အဖွဲ့ဝင်များက မုဒိန်းကျင့် သတ်ဖြတ်မှုများ ရှိခဲ့သည်။[17] အလားတူ ၂၀၂၃ ခုနှစ် ဧပြီလတွင် ဒီပဲယင်းမြို့ အနောက်ပိုင်းရှိ သစ်ရာအိုက် ကျေးရွာတွင် ကျေးရွာပကဖက ဒလံအဖြစ်စွပ်စွဲ သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သေးသည်။ ထို့အတွက်ကြောင့် စစ်ကိုင်းဒေသတွင် အုပ်ချုပ်ရေးယန္တရားနှင့် ဝန်ဆောင်မှုများ လည်ပတ်နေသည်မှာ မှန်ကန်သော်လည်း စည်းမျဉ်းဥပဒေများအတိုင်း စနစ်တကျ အကောင်ထည်ဖော်မှု အားနည်းနေသေးကြောင်းနှင့် ဥပဒေစိုးမိုးမှု အားနည်းမှုများ များစွာရှိနေသေးကြောင်းလည်း တွေ့မြင်နိုင်သည်။

စစ်ကိုင်းနှင့် မကွေးဒေသခံများက ၄င်းတို့သည် တော်လှန်ရေး အင်အားစုအချို့နှင့် ဆက်ဆံရာတွင် စိုးရိမ်ရမှုများ ရှိသည်ကိုဆိုကြသည်။ အာဏာအလွဲသုံးမှုများနှင့် စီမံခန့်ခွဲမှု အားနည်းမှုများကြောင့် ပြည်သူ့အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးအဖွဲ့များအပေါ် လူထု၏ အားကိုးယုံကြည်စိတ်များ အချို့ဒေသများတွင် သိသိသာသာလျော့ နည်းလာသည်ကိုလည်းတွေ့ရသည်။ ထို့ပြင် ပြည်သူများအနေဖြင့် လက်နက်ကိုင်တပ်များအား ဝေဖန်ထောက်ပြရန် စိုးရိမ်ပူပန် မှုများ ရှိကြောင်းသိရသည်။ လက်နက်ကိုင်တပ်များနှင့် ဆက်ဆံပြောဆိုရာတွင် ပွင့်ပွင့် လင်းလင်း ပြောဆိုရန် စိုးရိမ်ကြသည်။ လက်နက်ကိုင်အင်အားစုများ၏ လက်နက်ဖြင့် ဖိအား ပေးမှုများ

---

[17] NUG ဖြေရှင်းရမယ့် 'ပသုံးလုံး' အာဏာစက်။ (၂၀၂၄၊ စက်တင်ဘာ ၂၆)။ BBC Burmese။ https://www.bbc.com/burmese/articles/cnvd3n4gne7o

ရှိနေပြီး ပြည်သူ၏လက်နက်ကိုင်အဖွဲ့များအပေါ် ကြောက်ရွံ့စိုးရိမ်မှုများဖြင့် ထိတွေ့ ဆက်ဆံနေရသည်ကို တွေ့မြင်ရသည်။ လက်နက်ကိုင်တပ်များသည် လက်နက်အားကိုးပြီး ပြည်သူကို မငဲ့ကွက်သည်များ ရှိကြောင်း၊ ခြိမ်းခြောက် ရမ်းကားမှုများ ရှိကြောင်းသိရသည်။ လက်နက်ကိုင်တပ်များသည် အုပ်ချုပ်သူများကို ထောက်ခံသည့် အုပ်စုအပေါ် မူတည်၍ ခွဲခြား ဆက်ဆံမှုများ ရှိကြောင်း ဖြေဆိုကြသည် ကိုလည်းတွေ့ရသည်။

"NUG လက်အောက်က PDFတွေ၊ ပအဖတွေ၊ ပကဖတွေကိုဆိုရင် ဘုရားတစ်ဆူ ဂူတစ်လုံးတွေလို ကိုးကွယ် နေရတယ်။ ရွာထဲမှာ သွားချင်တိုင်း သွားနေကြတယ်၊ လာချင်တိုင်း လာနေကြတယ်၊ လုပ်ချင်သလို လုပ်နေကြတယ်။ PDFတွေ ဆိုရင် ကိုယ့်ရဲ့ ရပ်ရွာကို ပြန်တဲ့အခါမှာတောင် စစ်လားဆေးလား၊ ရန်သူတွေလို ဆက်ဆံတာတွေ တွေ့ရတယ် "

**(ဂန့်ဂေါမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

"ကျွန်မတို့ ယောနယ်မှာတော့ လက်နက်ကိုင်တပ်ဖွဲ့တွေက ပြည်သူတွေကို အတတ်နိုင်ဆုံး ညှာတာထောက်ထားပြီး လုပ်ဆောင် ပေးကြပါတယ်။ ဒါပေမယ့် တချို့ကလည်း မတစ်ထောင်ဖွားတွေ ဆိုတော့ လက်နက်အားကိုးပြီး ပြည်သူတွေကို မငဲ့ကွက်တာမျိုးတွေလည်း ရှိတယ်။ "

**(ဂန့်ဂေါမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

“သူတို့တွေကို မြင်ရင် ကျွန်မတို့က တအားကို အားကိုးချင်စိတ် ရှိတယ်။ ဒါပေမယ့်လို့ အားကိုးရမယ့် အစား ကြောက်နေရတယ်။ ”

**(မကွေးဒေသခံ တစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

အခွန်ကောက်ယူမှုနှင့် ပတ်သတ်ပြီး အုပ်ချုပ်ရေးနှင့် လက်နက်ကိုင် အဖွဲ့အသီးသီးက စစ်ဆေးရေးဂိတ်များ ဖွဲ့စည်း အခွန်ကောက်ယူမှုများကြောင့် ပြည်သူလူထု ဝန်ပိလာမှုများ ရှိလာသည်ကိုလည်း တွေ့ရှိရသည်။ ဒေသခံဖြေဆိုသူများက သက်ဆိုင်ရာ ဒေသအလိုက် ခြုံငုံသည့် အခွန်စနစ်ထူထောင်ရန် ကြိုးပမ်းနေသော်လည်း ယခုချိန်ထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မရှိကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းကြောင်း ပြောဆိုကြသည်။

“ကျွန်တော်တို့အမြင်မှာတော့ သူများခရိုင်တွေမှာ ကုန်တွဲကားတွေက ရွာတွေကို ဖြတ်သွားတဲ့အခါ ဂိတ်ထိုင်တဲ့ နေရာတွေမှာ ချလန်တစ်ခုတည်းနဲ့ ပြီးသွားတယ်။ ကျွန်တော်တို့ဆီမှာတော့ ဂိတ်တွေကလည်းများတော့ တစ်ရွာနဲ့ တစ်ရွာကို ဖြတ်တဲ့အခါ ရွာတွေကနေလည်း တောင်းတာရှိသလို၊ ဂိတ်တွေ ကနေလည်း တောင်းတာ တွေရှိတယ်။ တစ်ဂိတ်လာလည်းပေးရ၊ တစ်ဂိတ်လာလည်းပေးဆိုတော့ ကုန်စည် စီးဆင်းမှု အပိုင်းမှာတော့ ဈေးတွေ ပိုတက် သွားတယ်။ ပြည်သူလူထုတွေ စားသုံးတဲ့ ကုန်တွေမှာ ဈေးတက်သွားတဲ့ အတွက်ကြောင့် ဒီဆိုးကျိုးတွေကို ပြည်သူ လူထုကပဲ အဓိက ခံရတယ်။ အခွန်စီးဆင်းမှုပိုင်းမှာ တစ်နယ်လုံးမှာ ချလန်တစ်ခုပဲ ကောက်မယ် ဆိုပြီး လုပ်ကြပေမယ့် အခုထိတော့ မတွေ့ရသေးဘူး။”

**(ဂန့်ဂေါမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

ယခုသုတေသနတွင် ပါဝင်သော စစ်ကိုင်းနှင့် မကွေးရှိ ဒေသခံများ၏ အဆိုအရ အုပ်ချုပ်ရေးအဖွဲ့များက စည်းမျဉ်းဥပဒေများ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး အဆင့်ဆင့် တင်ပြကြပြီး အထက်ညွှန်ကြားချက်များ အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခြင်းနှင့် စီမံခန့်ခွဲနိုင်မှု စွမ်းရည် အားနည်းသည်ကိုလည်း ထောက်ပြကြသည်။

"ကျွန်တော်တို့ ဒေသမှာဆို သူတို့ ချပေးထားတဲ့ လူကြီးတွေက အသေးအဖွဲ့ကိစ္စလေးတွေ ဥပမာ ခိုးမှု၊ ရိုက်မှု၊ အိမ်ထောင်ရေး ပြဿနာ စသဖြင့် ပြဿနာအသေးလေးတွေက အစ အထက်ကို ပို့နေကြတဲ့အတွက် အဆင်မပြေဘူး။ ဒါတွေက လိုလည်း မလိုအပ်ဘူးလေ။ အဲ့လိုမျိုးတွေကို စီစစ်ဖို့လည်း လိုတယ်။

**(စစ်ကိုင်းဒေသခံ တစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

စစ်ကိုင်းနှင့် မကွေးရှိ ဒေသခံများ၏ ဖြေဆိုချက်များအရ အစည်းအဝေးများတွင် ဆုံးဖြတ်ချက် ချလေ့ရှိကြောင်း သိရသည်။ အကောင်အထည်ဖော်ရာတွင် စနစ်ကျမှုမရှိဘဲ သင့်သလိုနှင့် လိုသလို အကောင်အထည်ဖော်မှုအချို့ ရှိသည်ကို ထောက်ပြကြသည်။ တချို့စည်းမျဉ်းစည်းကမ်းများသည် ပြည်သူများအနေဖြင့် လိုက်နာရန် အခက်အခဲ ရှိသော်လည်း အကြောက်တရားဖြင့် အုပ်ချုပ်ထားသဖြင့် ပြည်သူများ ပွင့်ပွင့်လင်းလင်း ပြောဆိုရဲမှု မရှိကြောင်း တွေ့ရသည်။

"အချို့ စည်းမျဉ်းစည်းကမ်းများသည် စကားဝိုင်းများ၊ စာရွက်များပေါ်တွင်သာ ရေးမှတ်ထားသကဲ့သို့ ဖြစ်နေတာ တိတိကျကျ အကောင်အထည်ဖော် ဆောင်ရွက် နိုင်တာ မရှိဘူး။ ကျင့်သုံးသည့် ပုံစံများလည်း လွဲချော်နေတယ်။"

**(ဂန့်ဂေါမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

စစ်ကိုင်းနှင့် မကွေး အုပ်ချုပ်ရေး အဖွဲ့အစည်းများအနေဖြင့် ပြည်သူများအတွက် ဝန်ဆောင်မှု ပေးရာတွင် ကျန်းမာရေး၊ ပညာရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စများကို အလေးပေး ဆောင်ရွက်ကြကြောင်း သိရသည်။ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များတွင် အာဏာဖီဆန်ရေး လှုပ်ရှားမှု (Civil Disobedience Movement – CDM) တွင် ပါဝင်သူများဖြင့် ဆောင်ရွက်လျက် ရှိကြောင်းသိရသည်။ ထို့ပြင် လက်နက်ကိုင်တပ်များတွင် ကျန်းမာရေး စောင့်ရှောက်မှု ပေးနေသူများမှ ရွာများကို လိုက်လံကုသပေးသည်များ ရှိသည်ကိုလည်း တွေ့ရသည်။ လုံခြုံရေးအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ စစ်ကြောင်းအန္တရာယ်၊ လေကြောင်းအန္တရာယ် သတိပေးခြင်း၊ ဗုံးခိုကျင်းတူးရာတွင် ကူညီပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးသည်ကို တွေ့ရသည်။ ထို့အပြင် သဘာဝဘေးအန္တရာယ်ဖြစ်သည့် ရေကြီးမှု သတင်းမျှဝေပေးခြင်း၊ အခြားသတင်း အချက်အလက်များ မျှဝေပေးခြင်းတို့ကို ဆောင်ရွက်သည်ကို တွေ့ရှိရသည်။ ထို့ပြင် လူမှုရေးပြဿနာများ ဖြေရှင်းပေးမှုများ ရှိသည် ဟုလည်း ဖြေကြားကြသည်။ ထို့အတွက်ကြောင့် အုပ်ချုပ်ရေးဝန်ဆောင်မှုများကို အုပ်ချုပ်ရေး အဖွဲ့များ သာကမ လက်နက်ကိုင်အဖွဲ့များကပါ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို တွေ့ရှိ ရပြီး CDM တွင် ပါဝင်ကြသူများ၏ ပါဝင်မှုသည် စစ်ကိုင်းဒေသနှင့် မကွေးဒေသ ပြည်သူ့ ဝန်ဆောင်မှုတွင် အရေးပါကြောင်း တွေ့မြင်နိုင်သည်။

သုတေသနတွင် ပါဝင်ဖြေဆိုမှုသူများသည် အုပ်ချုပ်ရေး အဖွဲ့အစည်းများက ခွဲခြားဆက်ဆံမှု ရှိကြောင်း ဖြေကြားကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အမျိုးများ၊ ငွေကြေးတတ်နိုင်သူများကို အလေးပေး ဆက်ဆံမှုများ ရှိကြောင်း ဖြေကြား ကြသည်။ အချို့ လူမှုရေးပြဿနာများတွင် ငွေဖြင့် လာဘ်ထိုးပြီး ကြေအေးလိုက်သည်များ ရှိသည်ကို တွေ့ရသည်။ လက်နက်ကိုင်တပ်များ အနေဖြင့် ပြည်သူများကို ခြိမ်းခြောက် နှိပ်စက်မှုများ ရှိကြောင်းလည်း တွေ့ရသည်။ ၎င်းတို့နှင့် သက်ဆိုင်သူ ဆွေမျိုးများကို ဆက်ဆံ သည်နှင့် အခြားသူများကို ဆက်ဆံပုံ မတူညီကြောင်းတွေ့ရသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများ နှင့် ဒေသခံ လက်နက်ကိုင်များ အကြား မပြေလည်မှုများလည်းရှိပြီး အုပ်ချုပ်ရေး အဖွဲ့အစည်း များနှင့် မပြေလည်မှုများ ရှိပါက ခွဲခြားဆက်ဆံခံရသည်များ ရှိကြောင်း တွေ့ရသည်။

အုပ်ချုပ်ရေး အဖွဲ့အစည်းများ အကြားတွင်လည်း အဖွဲ့အကြီးအသေး အပေါ်မူတည်၍ ခွဲခြားဆက်ဆံမှုများ ရှိသည်ကိုတွေ့ရသည်။ ထို့အပြင် တော်လှန်ရေး ကာလအတွင်း အုပ်ချုပ်ရေးပိုင်းနှင့် ဆက်စပ်နေသည့် ဆွေမျိုးများ ချမ်းသာ ကြွယ်ဝလာသည်ကို တွေ့ရှိရကြောင်း

ပြောကြားသည်ကိုလည်း သိရှိရသည်။ ထို့အတွက်ကြောင့် စစ်ကိုင်းဒေသတွင်း အုပ်ချုပ်ရေးနှင့် လက်နက်ကိုင် အင်အားစု များ၏ ခွဲခြားဆက်ဆံမှုများ၊ အဂတိ လိုက်စားမှုများ ရှိနေကြောင်း တွေ့မြင်ရသည်။

မကွေးဒေသတွင် ယခင်က ပညာရေးအဖွဲ့များသည် အမျိုးသားညီညွတ်ရေး အစိုးရ လက်အောက်တွင် မရှိသော်လည်း ယခုအခါ အမျိုးသားညီညွတ်ရေး အစိုးရ၏ အသိအမှတ်ပြု လက်မှတ်ရရှိရေးအတွက် အမျိုးသားညီညွတ်ရေး အစိုးရ လက်အောက်ခံ အဖွဲ့များ ဖြစ်သွားကြောင်း သိရသည်။ ကျန်းမာရေးနှင့် စပ်လျဉ်း၍ CDM ဆရာဝန်များ၊ လက်နက်ကိုင် တပ်ဖွဲ့များရှိ ဆေးပေးခန်းများမှ ဆောင်ရွက်ပေးလျက် ရှိကြောင်းသိရသည်။ သို့သော် အုပ်ချုပ်ရေး အဖွဲ့များ အနေဖြင့် တရားဥပဒေ စိုးမိုးမှုအတွက် ဆောင်ရွက်နိုင်ခြင်း မရှိဘဲ သတ်ဖြတ်မှု များကိုလည်း အရေးယူဆောင်ရွက်နိုင်ခြင်း မရှိကြောင်း သိရသည်။ ပြည်သူများနှင့် ဆက်ဆံရာတွင်လည်း ဘက်လိုက်မှုများရှိကြောင်း သိရသည်။

ဂန့်ဂေါဒေသတွင် ဒေသခံ လက်နက်ကိုင် တပ်ဖွဲ့များသည် ၎င်းတို့အား ထောက်ပံ့ ပေးသူ များကို ဦးစားပေး ဆောင်ရွက်လျက် ရှိသည်ကို တွေ့ရသည်။ ထို့အပြင် အမျိုးသား ညီညွတ်ရေး အစိုးရ လက်အောက်ရှိ အဖွဲ့များကလည်း ဆွေမျိုးများကို ဦးစားပေး ဆောင်ရွက်မှုများ ရှိကြောင်း သိရသည်။ ထို့အပြင် သာမန် ပြည်သူများကို ဖိနှိပ်မှုများရှိကြောင်း သိရသည်။ အမျိုးသားညီညွတ်ရေး အစိုးရ အောက်မှ မဟုတ်သည့် အဖွဲ့များကို စောင့်ကြည့်မှုများရှိပြီး သူပုန်များဟုပင် ပြောဆိုသည်ကို သိရှိရသည်။ စစ်ဘေးရှောင်ရာတွင်လည်း နီးစပ်သူများကို ဦးစားပေး ဆောင်ရွက်ပြီး ခွဲခြားဆက်ဆံခံရမှုများ ရှိကြောင်းသိရသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ လက်နက်ကိုင် တပ်များအနေဖြင့် ပကဖ၊ ပအဖ၊ ပလဖများနှင့် နီးစပ်သူ ဆွေမျိုးသားချင်းများ၊ ထောက်ခံသူများကို အလေးပေး ဆက်ဆံမှုများ ရှိကြောင်း၊ နိုင်ငံရေးထက် ပုဂ္ဂိုလ်ရေး လုပ်နေကြောင်း ပြောကြားကြသည်။

အုပ်ချုပ်သူများအနေဖြင့် အကျိုးစီးပွားနှင့် ပတ်သက်လာပါက ၎င်းတို့ကိုယ်တိုင် စည်းကမ်းဖောက်ဖျက်မှုများ ရှိနေကြောင်းသိရသည်။ ထီးလင်းဒေသတွင် လက်နက်ကိုင် တပ်ဖွဲ့ဝင်ရှိသည့် အိမ်ဖြစ်ပါက မထိရဲကြောင်း၊ အခြားအိမ်များကို ဖိနှိပ်ဆက်ဆံချင်ကြကြောင်း သိရသည်။ ထို့အပြင် အုပ်ချုပ်ရေးအဖွဲ့များ၏ ဆုံးဖြတ်ချက်များသည် တသမတ်တည်းမရှိဘဲ တော်လှန်ရေးတွင် ပါဝင်ဆောင်ရွက်နေသည့်အိမ်၊ ငွေကြေးတတ်နိုင်သည့် အိမ်များဖြစ်ပါက

အလေးပေးပြီး ကျန်သူများအား ခွဲခြားဆက်ဆံမှုများရှိကြောင်းသိရသည်။ မြို့နယ်တာဝန်ခံ၊ ရပ်ကျေးတာဝန်ခံတို့၏ သား/သမီး၊ ဆွေမျိုးများ စည်းကမ်းဖောက်ဖျက်ပါက အရေးယူဆောင်ရွက်မှု မရှိကြောင်းလည်း သိရသည်။

ယခု သုတေသနပါ စစ်ကိုင်းနှင့် မကွေး ဒေသများရှိ ဒေသခံများ၏ အင်တာဗျူး ဖြေဆိုမှုအရ လက်နက်ကိုင် အဖွဲ့များသည် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မှု အားနည်းမှုများ အတိုင်းအတာ တစ်ခုထိ ရှိနေပြီး အင်အားစုများ အချင်းချင်းကြား ပွတ်တိုက်မှုများ ရှိကြောင်း တွေ့ရှိရသည်။ ထို့အပြင် အုပ်ချုပ်ရေးအဖွဲ့များ၏ အဂတိတရား မကင်းမှုများကို ဖြေဆိုသူ များက ထောက်ပြပြောဆိုကြပြီး တရားဥပဒေစိုးမိုးမှု အတွက် အကောင်ထည်ဖော်မှု နှောင့်နှေး အားနည်းမှုများ ရှိကြောင်းလည်း တွေ့ရှိရသည်။ စည်းမျဥ်းများ အကောင်ထည်ဖော်ရာတွင် အုပ်ချုပ်ရေးဖွဲ့များက ခြိမ်းခြောက်မှုများရှိကြောင်း၊ အပြစ်ပေးအရေးယူမှုလည်း ရှိကြောင်း တွေ့ရသည်။ ထို့အတွက်ကြောင့် စစ်ကိုင်းနှင့် မကွေးဒေသတို့တွင် ဥပဒေစိုးမိုးမှုအားနည်းပြီး အင်အားသုံး ဖိအားပေးအုပ်ချုပ်သည့် စနစ်ပုံစံမျိုးကို အချို့ဒေသများတွင်တွေ့ရသည်။ စည်းမျဉ်း ဥပဒေများနှင့်အညီ အုပ်ချုပ်ရေးယန္တရား လည်ပတ်ရာတွင်လည်း အားနည်းမှု ရှိသည်ကို တွေ့ရသည်။ ထို့အပြင် တော်လှန်ရေး အင်အားစုများအကြား ယှဥ်ပြိုင်တင်းမာမှုများကလည်း အုပ်ချုပ်ရေးဝန်ဆောင်မှု အပေါ် နှောင့်နှေးစေပြီး လူထုကိုပိုမို ဝန်ပိစေကြောင်းတွေ့ရှိရသည်။

ကရင်နီအုပ်ချုပ်ရေးနှင့် ပတ်သတ်ပြီး ဒေသခံများ၏ အမြင်ကို လေ့လာရာတွင် IEC အနေဖြင့် အုပ်ချုပ်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အကန့်အသတ် များစွာ ရှိနေသေးကြောင်း တွေ့ရသည်။ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်နေသော်လည်း လိုက်နာမှုအားနည်းကြောင်းတွေ့ရသည်။ IEC နှင့် ပတ်သက်၍ သတင်းထုတ်ပြန်မှု အားနည်းပြီး လက်လှမ်းမီမှု မရှိသည့်အတွက် ဆောင်ရွက်နေမှုများကို မသိရှိရကြောင်း ဒီမောဆို ဒေသခံတစ်ဦးမှ ဖြေကြားသည်။ ရပ်ရွာများတွင် အုပ်ချုပ်ရေး လည်ပတ်နိုင်အောင် သင်ကြားပေးပြီး စစ်ဘေးရှောင် စခန်းများတွင် ကော်မတီ၊ အတွင်းရေးမှူးများဖွဲ့ကာ အုပ်ချုပ်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ IEC အနေဖြင့် လမ်းစည်းကမ်း၊ သွားလာခွင့် အချိန်ကန့်သတ်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိသည်ကို သိရသည်။

ကရင်နီဒေသတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လက်နက်ကိုင်တပ်များနှင့် ပြည်သူများအကြား ဆက်ဆံရေး အားနည်းနေသေးကြောင်း သိရသည်။ အုပ်ချုပ်ရေးကဏ္ဍကို ပြည်သူများ နားလည်မှု အားနည်းနေပြီး ပိုမိုသိရှိလာအောင် ဆောင်ရွက်ပေးရန် လိုအပ်သည်ဟု ဒီမောဆို ဒေသခံတစ်ဦးက ပြောကြားကြသည်။ ထို့အပြင် အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ လက်နက်ကိုင်တပ်အချို့ အနေဖြင့် ပြည်သူများကို ဝန်ပိစေသည့် ဖိအားပေး အခွန်ကောက်ယူမှုများ ရှိသည့်အတွက် အုပ်ချုပ်ရေး အဖွဲ့အစည်းများ အနေဖြင့် စည်းကမ်းထိန်းသိမ်းမှုများ ဆောင်ရွက်သင့်ကြောင်း ထောက်ပြကြသည်။ ဥပမာအားဖြင့် ကရင်နီပြည် ဒီဘောင်းခူမြို့နယ် (ဒီမောဆို အနောက်ခြမ်း) လက်နက်ကိုင်အဖွဲ့များက အခွန်ကောက်ယူနေမှုများ ရှိနေခြင်းကို ဆိုလိုခြင်း ဖြစ်သည်။[18] ယခု သုတေသနတွင် ပါဝင်သော ဒေသခံသုတေသီများကလည်း လက်နက်ကိုင်အဖွဲ့များ အခွန်ကောက်ယူမှုကို ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်ကြောင်း ထောက်ပြ ပြောဆိုကြသည်။

ကရင်နီပြည်ရှိ IEC သည် လေကြောင်း အန္တရာယ် သတိပေးခြင်း၊ အရေးပေါ် အခြေအနေများတွင် သတိပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက် ရှိသည်။ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက် ရှိပြီး လမ်းပန်းဆက်သွယ်ရေး အတွက်လည်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက် ရှိသည်။ စစ်ဘေးရှောင်များကို ထောက်ပံ့ပေးခြင်း၊ အစားအသောက်များ ကူညီပေးခြင်း၊ လူသားချင်း စာနာထောက်ပံ့မှု ဆိုင်ရာ ကိစ္စရပ်များ ကိုလည်း ဆောင်ရွက်ပေးလျက် ရှိသည်။ အချို့သော ဒေသများတွင် အုပ်ချုပ်ရေး အဖွဲ့အစည်းများ အနေဖြင့် ပွင့်လင်းမြင်သာမှု အားနည်းကြောင်း ပြောဆိုမှုများရှိကြသည်။

[18] Kantarawaddy Times။ (၂၀၂၄၊ ဇွန် ၂၈)။ *ဒီးမော့ဆိုအနောက်ဖက်ခြမ်းက ဈေးတန်းတွေမှာ လက်နက်ကိုင်တပ်ဖွဲ့တချို့ကို လစဉ် အခွန်ပေးဆောင်ရ*။ Retrieved from https://www.kantarawaddytimes.org/%e1%80%92%e1%80%ae%e1%80%b8%e1%80%99%e1%80%b1%e1%80%ac%e1%80%b7%e1%80%86%e1%80%ad%e1%80%af%e1%80%a1%e1%80%94%e1%80%b1%e1%80%ac%e1%80%80%e1%80%ba%e1%80%96%e1%80%80%e1%80%BA%e1%80%81%e1%80%bc%e1%80%99-3/

အုပ်ချုပ်ရေးနှင့် သက်ဆိုင်သည့် သူများ၊ လက်နက်ကိုင် အဖွဲ့အစည်းများမှ မိသားစု များအား အလေးပေး ဆက်ဆံမှုများ၊ သီးသန့် ခံစားခွင့်များ ရရှိကြောင်း သိရသည်။ အထူးသဖြင့် စစ်ဘေး ရှောင်ရာတွင် လက်နက်ကိုင် တပ်ဖွဲ့ဝင်များ၏ မိသားစုများကို ဦးစားပေး ဆောင်ရွက်ကြ ကြောင်း မယ်စဲ့ဒေသခံအချို့က ဖြေကြားကြသည်။

ထို့အတွက်ကြောင့် ကရင်နီပြည်နယ်တွင် အုပ်ချုပ်ရေး ယန္တရားလည်ပတ်ရာတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ ပြည်သူနှင့် ထိတွေ့ဆက်ဆံမှုဆိုင်ရာ ကျင့်ဝတ်နည်းနာများ အားနည်းမှု ရှိပြီး လူသားချင်း စာနာထောက်ပံ့မှု ကိစ္စများတွင် ပိုမိုပွင့်လင်းမြင်သာမှုရှိသော အစီအမံများ အကောင်ထည်ဖော်နိုင်ရန် ၅ဦးထက် မနည်းသော ဖြေဆိုသူများ နှင့် ဒေသခံ သုတေသီများက ထောက်ပြ ပြောဆိုကြသည်။ အထူးအားဖြင့် အုပ်ချုပ်သူများ၏ မြေပြင် အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် စည်းမျဉ်းနည်းလမ်းများအတိုင်း ဖြစ်စေရေး ထိန်းသိမ်း ကြီးကြပ်ပေးရန် လိုအပ်မှုများကိုလည်း အလေးပေးပြောဆိုကြသည်။

# တွေ့ရှိချက် - သတင်းအချက်အလက်ရရှိမှု

မြန်မာနိုင်ငံသည် လက်ရှိတွင် စစ်အာဏာသိမ်းရန် ကြိုးပမ်းကြံစည်သည့် ကာလမှ စတင်ပြီး အင်တာနက် ဖြတ်တောက်ခံထားရသည့် အကြိမ် ၃၃၀ အထိ ရှိခဲ့ကာ စစ်ကိုင်း ဒေသသည် အင်တာနက်ဖြတ်တောက်ခံရသည့် အကြိမ်ရေအများဆုံးရှိနေသည်။ Myanmar Internet Project (MIP) ၏ မှတ်တမ်းများအရ အင်တာနက် ဖြတ်တောက်ခံရမှုများ အနက် ကရင်နီပြည်တွင် ၂၁ ကြိမ်၊ မကွေးတွင် ၂၃ ကြိမ်နှင့် စစ်ကိုင်းတွင် ၉၁ ကြိမ်အထိ ရှိသိဟု သိရသည်။[19] အဆိုပါ ဒေသများတွင် သတင်းအချက်အလက် ရရှိရေးအတွက် သမားရိုးကျ နည်းလမ်းကို စစ်ကောင်စီက ဖြတ်တောက် ပိတ်ဆို့ထားသည့်အတွက် အရပ်သားများအနေဖြင့် အခြားနည်းလမ်း များစွာဖြင့် သတင်းအချက်အလက် ရယူနိုင်ရန် ကြိုးပမ်းနေကြရသည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်ပြီး လေ့လာ စောင့်ကြည့်နေသည့် အသံအဖွဲ့၏ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ မှတ်တမ်းဖော်ပြမှုအရ တစ်နိုင်ငံလုံးအတိုင်းအတာ ဖုန်းနှင့် အင်တာနက်လိုင်းများ ဖြတ်တောက်ခံထားရသည့် မြို့နယ်စုစုပေါင်း (၁၃၅) မြို့နယ် ရှိနေပြီး စစ်ကိုင်းဒေသတွင် ၂၈ မြို့နယ်၊ မကွေးဒေသတွင် ၄ မြို့နယ် နှင့် ကရင်နီဒေသတွင် ၇ မြို့နယ် ရှိပြီဖြစ်သည်။[20] ယခု သုတေသနတွင် ဒေသခံ သုတေသီများမှ တဆင့် ကောက်ယူရရှိသော ဒေသခံ ပြည်သူများ၏ ၄င်းတို့ ကြုံတွေ့နေရသော သတင်းအချက်အလက် ရရှိမှု၊ လက်လှမ်းမီမှု များကို ဆွေးနွေးသွားပါမည်။

---

[19] Myanmar Internet Project။ (၂၀၂၅၊ ဇန်နဝါရီလ အထိ)။ *Internet shutdown*။ Retrieved from https://www.myanmarinternet.info/internet-shutdown

[20]အသံ။ (၂၀၂၄၊ ဒီဇင်ဘာ ၂၀)။ *မြို့နယ်စုစုပေါင်း (၁၃၅) မြို့နယ်ရှိ*။ Facebook။ Retrieved from https://www.facebook.com/athan.foe.myanmar/posts/pfbid02qqK44mZJE1orMRtQVh46aTUFeUbr822LrbiMJRmvmPDSb1Ze2oWvCBqyQuxcFirNl

## သတင်းအချက်အလက်လက်လှမ်းမီမှု - စစ်ကိုင်းဒေသ

စစ်ကိုင်းဒေသသည် အင်တာနက်ဖြတ်တောက်ခံရမှု အများဆုံး ဒေသတစ်ခုဖြစ်သည်။ အင်တာနက် ဖြတ်တောက်မှု၊ ဖုန်းလိုင်း ဖြတ်တောက်မှု နှင့် လျှပ်စစ်မီး ပြတ်တောက်မှု အခြေအနေများကြောင့် သတင်းရရှိမှု ခက်ခဲသည်။ စစ်ကိုင်းတိုင်းတွင် လူဦးရေ ငါးသန်း နီးပါးရှိပြီး[21] စစ်ကိုင်းတိုင်းရှိ စစ်တပ်က ကျေးရွာများကို စစ်ကြောင်းထိုး ဝင်ရောက်စီးနင်းကာ ဒေသခံများကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရွာလုံးကျွတ် မီးရှို့ခြင်းများ ပြုလုပ်လျက်ရှိသည်။[22] ထိုဖြစ်ရပ်များကို ဖုံးကွယ်ရန်နှင့် စစ်ရေးလှုပ်ရှားမှုများကို သတင်းအမှောင်ချရန်အတွက် အင်တာနက် အသုံးပြုမှုကို ကျယ်ကျယ်ပြန့်ပြန့် ကန့်သတ်ထားသည်။

"အခုကတော့ တော်လှန်ရေးက ကြာလာလို့လားမသိဘူး၊ ကျွန်တော်တော့ သိပ်မမြင်တော့ဘူး၊ စရောက်တုန်းကပဲ နည်းနည်းဆော်ဩတာ ဘာညာ ရှိတာပေါ့၊ အခုကျ အဲ့လိုမျိုး သိပ်မရှိတော့ဘူး၊ ပြီးတော့ ဒီဘက်နယ်တွေက လက်နက်ကိုင် သမားတွေ ပိုများတာ ဆိုတော့ ဘယ်လိုပြောမလဲ၊ ဒီဘက်မှာ ရန်သူသိပ်မရှိဘူးပေါ့ဗျာ၊ ကိုယ့် လက်နက်ကိုင် အချင်းချင်းပဲဆိုတော့ အဲ့လိုမျိုး ဖြစ်ဖို့ကိစ္စလဲ သိပ်မများဘူးပေါ့ဗျာ၊ ကိုယ့်အချင်းချင်း ဖြစ်မယ်ဆိုလဲ ခေါင်းဆောင်တွေများတော့ ထိန်းပြီးသား ဖြစ်တယ် အဲ့လိုမျိုးပေါ့၊ ကြီးကြီးမားမားတော့ မဖြစ်ဘူးဗျ၊ အဲ့တာကြောင့်မို့လဲ သိပ် မဆော်ဩတာလဲ ဖြစ်မယ်ထင်တယ်။"

**(ယင်းမာပင်မြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

---

[21] Department of Population, Ministry of Immigration and Population. (2014). *The 2014 Myanmar Population and Housing Census: Highlights of the main results (Census Report Volume 2 – A)* [PDF]. *The Union Report – Census Report Volume 2 [EN/MY]*, p. 6. Retrieved September 1, 2022, from https://myanmar.unfpa.org/sites/default/files/pub-pdf/Sagaing%20Region%20Census%20Report%20-%20ENGLISH-3.pdf

[22] ISP Myanmar. (2024, November 22). Most arson destructions in Sagaing and Magway regions. Retrieved from https://ispmyanmar.com/most-arson-destructions-in-sagaing-and-magway-regions/

လက်နက်ကိုင် တော်လှန်ရေး အားကောင်းသည့် စစ်ကိုင်းဒေသတွင် တော်လှန်ရေး အင်အားစုများနှင့် ဒေသခံ ပြည်သူများက အင်တာနက်ရရှိရေးနှင့် သတင်းအချက်အလက် မျှဝေရေးအတွက် ကိုယ်ထူ ကိုယ်ထ ဆောင်ရွက်နေရသည့် အခြေအနေ ဖြစ်သောကြောင့် သုတေသနတွင် ပါဝင်ဖြေဆိုသူ များ၏ အသံများနှင့် ဒေသခံ သုတေသီ ၂ ဦး၏ အတည်ပြုချက် များအရ သိရှိရသည်။

ယခုသုတေသနတွင် ပါဝင်သော စစ်ကိုင်းဒေသခံများက အုပ်ချုပ်သူများသည် ရပ်ရွာ အစည်းအဝေးများမှ တစ်ဆင့် ပြည်သူများထံ သတင်းအချက်လက် မျှဝေမှုများ ရှိသော်လည်း အချို့နေရာများတွင် ထိုသို့ အကောင်အထည် ဖော်ဆောင်ရွက်မှု အားနည်းနေသေးသည်ဟု သိရသည်။ စကားပြောစက်များမှ တစ်ဆင့် ဆက်သွယ်ပြောဆိုခြင်း၍ သတင်းအချက်အလက် မျှဝေမှုများ ရှိသော်လည်း အချို့နေရာများတွင် အုပ်ချုပ်ရေး ပိုင်းများကအစ စကားပြောစက်များ လက်ဝယ် ကိုင်ဆောင်ထားနိုင်ခြင်း မရှိသေးဟုဆိုသည်။ တစ်ခါတရံ အရေးပေါ် အခြေအနေ များတွင် တပ်ဖွဲ့များက ရွာထဲကွင်းဆင်း လှည့်လည် နိုးဆော်ခြင်း၊ ကြေညာစာကပ်၍ အသိပေးခြင်း၊ သံချောင်း ခေါက်ခြင်းနှင့် စာသင်ကျောင်းများတွင် စကားပြောစက် ထားရှိ၍ အသိပေးခြင်း များရှိသည်။ စစ်ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ပေးခြင်း၊ သင်တန်း ပေးခြင်းများလည်း ရှိသည်ဟု ဒေသခံအချို့က ဖြေဆိုကြသည်။ အချို့ဒေသများတွင် တော်လှန်ရေးအစပိုင်း အုပ်ချုပ်သူများက စစ်ကြောင်းထိုးခြင်းကို အသိပေးမှု ရှိသော်လည်း နောက်ပိုင်းတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စများဖြင့် အလုပ်များနေပြီး အသိပေးမှု မရှိတော့ ကြောင်း သိရသည်။

ယခုသုတေသနတွင် ပါဝင်ဖြေဆိုသူ ဒေသခံများ အနေဖြင့် သတင်းမီဒီယာမှ တစ်ဆင့် ရာနှုန်းပြည့် လွတ်လပ်စွာပြောဆိုခွင့် ရှိသော်လည်း လုံခြုံရေးအချက်အလက်များ ပေါက် ကြားမည် စိုး၍ အမည်လွှဲများ အသုံးပြုခြင်း၊ မူရင်းအသံအား ပြောင်းလဲခြင်း အစရှိသည်တို့ကို လုပ်ဆောင်ရခြင်းများ ရှိသည်။ ဒေသခံအချို့ကမူ “သတင်းထောက်” ဆိုသည့် အသုံးအနှုန်း အပေါ် အနည်းငယ် ကြောက်ရွံ့မှုရှိပြီး သတင်းသမားများနှင့် ဒေသခံများအကြား ယုံကြည်မှု တည်ဆောက်ရေးသည် စိန်ခေါ်မှု ဖြစ်နေသေးကြောင်း သိရသည်။ စစ်ရေးလှုပ်ရှားမှု မရှိသည့် နေရာများတွင် သတင်းမီဒီယာ မရှိဟုဆိုသည်။ သို့ရာတွင် ပကဖ၊ ပလဖ အမှုအခင်းဆိုင်ရာ ကိစ္စများကိုမူ အနည်းငယ် လျှို့ဝှက်မှု ရှိသည်ဟု ဖြေဆိုမှုများရှိသည်။

ဒေသခံ ပြည်သူများက ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ တစ်ဆင့် သတင်း အချက်အလက် ရယူနေပြီး ပြည်သူအချင်းချင်း ဖုန်းလိုင်းဆက်သွယ်မှုရှိသည့် နေရာများတွင် ဖုန်းဖြင့် ဆက်သွယ် သတိပေးခြင်းများရှိသည်။ Starlink ရှိသည့် နေရာများနှင့် အင်တာနက် လိုင်းရသည့် နေရာများသို့ သွားရောက်အသုံးပြုပြီး သတင်းအချက်အလက် ကိုယ်တိုင်ရယူကြသည် ဟုသိရသည်။ PSI စလောင်းများ အသုံးပြု၍သော် လည်းကောင်း ၊ ဖုန်း SMS များမှ တစ်ဆင့်သော် လည်းကောင်း သတင်းအချက်အလက် စုဆောင်းပြီး ပြည်သူအချင်းချင်း အသိပေးခြင်းများ ပြုလုပ်ကြသည် ဟု သိရသည်။

## သတင်းအချက်အလက်လက်လှမ်းမီမှု - မကွေးဒေသ

မကွေးဒေသသည် သတင်းအချက်အလက် ဖြန့်ဝေမှုတွင် အုပ်ချုပ်ရေးပိုင်း အနေဖြင့် ဒေသခံပြည်သူများအတွက် အင်တာနက်ကို အသုံးပြုပြီး ထုတ်ပြန်ကြေညာချက်များ ပြုလုပ်နေသည့် အခြေအနေမရှိဘဲ အားနည်းနေသေးကြောင်း ဒေသခံများက ဆိုသည်။ ကျေးရွာအများစုတွင် Starlink မှ တစ်ဆင့် အင်တာနက် အသုံးပြုမှု ရှိနေပြီး ယင်းစက်များအား အမျိုးသားညီညွတ်ရေး အစိုးရ (NUG) လက်အောက်ခံ PDF များက အခကြေးငွေ ကောက်ခံ၍ အသုံးပြုနိုင်ရေးအတွက် စီမံခန့်ခွဲနေကြသည်။

သတင်းအချက်အလက် ရရှိမှုအတွက် ဒေသခံပြည်သူများသည် ဖုန်းလိုင်းကို အဓိက မှီခိုနေရပြီး အခြားနည်းလမ်းများ အနေဖြင့် အုပ်ချုပ် ရေးပိုင်းက အရေးကြီးသည့် အခြေအနေများတွင် သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့ဝင်များမှ တဆင့် အဆင့်ဆင့် သတင်းစကားပါးခြင်း၊ လမ်းမီးတိုင်များတွင် စာကပ်ခြင်း၊ အသံချဲ့စက် အသုံးပြုခြင်း၊ ရေဒီယို နားထောင်ခြင်း၊ ရုပ်မြင်သံကြား ကြည့်ရှုခြင်း၊ လစဉ် အစည်းအဝေးများတွင် သတင်းပေးခြင်းနှင့် PSI စလောင်းများ တပ်ဆင်ခြင်းတို့ကို အသုံးပြုနေကြသည်။ အချို့ဒေသများတွင် ဖုန်းလိုင်း ဆက်သွယ်ရေး မကောင်းမွန်သဖြင့် ပအဖရုံးက လူကိုယ်တိုင် လာရောက်၍ သတင်းပေးခြင်းများ ပြုလုပ်ကြသည်။

"ကျွန်တော် ဒီဘက်မှာ ကြားရသလောက်ဆိုရင် သတင်းထောက်အနေနဲ့ ပေါ်ပေါ်ထင်ထင် လုပ်တဲ့သူမျိုး သိပ်ပြီးတော့ မတွေ့ဖူးဘူး၊ ဒီသတင်းထောက် ဆိုတဲ့ အသံကိုကြားရင် ဒီဘက်ဒေသခံတွေ တော်တော်များများက နည်းနည်း ဘာလဲပေါ့နော်၊ အာ့လိုမျိုး နည်းနည်း ကြောက်တက်ကြတာမျိုး ရှိတယ်ပေါ့နော်၊ အာ့တော့ ဒေသခံတွေ အနေနဲ့ ယုံကြည်လို့ရမှ ရေးလို့ရမှာမျိုး ဖြစ်တယ်ပေါ့နော်၊ သတင်းကို ထုတ်နိုင်မယ်ဆိုတဲ့ အခက်အခဲ ရှိနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်ဗျ၊ ဒီဘက် အာ့အပေါ်မှာ နည်းနည်း Allergic ရှိကြတယ်ဗျ၊ သတင်းထောက်ဆိုတဲ့ စကားလုံး အသုံးအနှုန်း အပေါ်ပေါ့၊ အာ့လိုမျိုးတော့ ရှိကြတယ်ဗျ။"

**(ဆားလင်းကြီးမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

သို့ရာတွင် တစ်ခါတစ်ရံ သတင်းမီဒီယာ ချိတ်ဆက်မှုအပိုင်းတွင် NUG မဟုတ်သည့် အဖွဲ့အစည်းများက ဆောင်ရွက်မှု ပိုမိုအားကောင်းသည်ကိုလည်း တွေ့ရသည်။ မီဒီယာအတွက် ဆောင်ရွက်မှု မရှိသည့်အပြင် သတင်းသမားတစ်ဦးကို NUG က ဖမ်းဆီးသည့် ဖြစ်စဉ်ပင် ရှိခဲ့သည်။[23] ထို့နောက် ပြန်လည်လွှတ်ပေးခဲ့သည်ဟု သိရသော်လည်း သတင်းရယူမှု အကန့်အသတ်မှာ ပကတိအရှိ တရားဖြစ်သည်။

> "သတင်းသမားတွေရဲ့ လုံခြုံရေးကို ပကဖ၊ ပအဖတွေက သူတို့ကိုယ်တိုင် မသိသလို နေကြတယ်။ သူတို့ကိုယ်တိုင် သတင်းသမားတွေကို မလိုလားတဲ့ ပုံစံတွေရှိတယ်။ ကျွန်မတို့ နားလည်ထားတာတစ်ခုက သတင်းသမားတွေဆိုတာ တိုင်းပြည်ရဲ့ စတုတ္ထ မဏ္ဍိုင်လို့ ကြားဖူးတယ်။ အခုအချိန်မှာဆိုရင် ကျွန်မတို့ နယ်မြေမှာ လာကြတယ်။ လာတဲ့ အခါမှာ ဆိုရင် သူတို့ရဲ့ ရုပ်အစစ်အမှန်ကို ဖျောက်ပြီး သတင်းယူကြရတယ်။"
>
> **(ဂန့်ဂေါမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

မကွေးဒေသတွင် သတင်းမီဒီယာဖွံ့ဖြိုးမှု အားနည်းပြီး သတင်းသမားနှင့် ပြည်သူများ အကြား လွတ်လပ်စွာ ဆက်သွယ်ပြောဆိုနိုင်ရန် အကန့်အသတ် ရှိနေပြီး လက်နက်ကိုင် အဖွဲ့များ ကို ကြောက်ရွံ့ရသည်ဟု ဆိုသည်။ သတင်းမီဒီယာများ လာရောက်မေးမြန်းသည့် အချိန်တွင် လည်း အဖွဲ့အစည်းများနှင့်သာ ဆက်သွယ်ပြောဆိုကြပြီး ပြည်သူများနှင့် တိုက်ရိုက် ဆက်သွယ်မှု မရှိသေးဟုဆိုသည်။ အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိသူများနှင့် ပတ်သက်ပြီး သတင်းရေးသား ဖော်ပြရာတွင် ဆန့်ကျင်ဘက် အင်အားစုအတွက် အားရ ဝမ်းသာ ဖြစ်စေမည် ဆိုသည့် အကြောင်းပြချက်ဖြင့် ဖုံးဖိခြင်း၊ ပိတ်ပင်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ရှိသည်ဟု သိရသည်။ သတင်းမီဒီယာများ ကိုယ်တိုင်သည်လည်း ပုဂ္ဂိုလ်စွဲထားပြီး မထုတ်ဖော်သည့် ကိစ္စများရှိသည်ဟု သိရသည်။

---

[23] မကွေးဒေသခံတစ်ခုဦးမှ ဖြေဆိုပြီး ဒေသခံသုတေသီ၂ဦးမှ အတည်ပြုသည်။

" သတင်းမီဒီယာအတွက် ဆိုရင် ဘာမှလုပ်ပေးတာ မရှိဘူး။ ကျွန်မတို့ ဒေသမှာ ဆိုရင် မီဒီယာတွေက မရှိသလောက်ပဲ။ ရှိကို မရှိတာပေါ့နော်။ အတွေ့အကြုံ အရ ပြောရမယ် ဆိုရင် ၂၀၂၄ သကြံန်တုန်းက မီဒီယာသမားတွေလာပြီး သတင်းယူတဲ့ အခါမှာ မီဒီယာသမားတွေကို ဖမ်းဆီးတာ ကြားလိုက်ရတယ်။ NUG လက်အောက်က လူတွေပဲ ဖမ်းတာပါ"

**(မကွေးဒေသခံ တစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

ပြည်သူများအနေဖြင့် သတင်းမီဒီယာကို ပြောခွင့်မရှိသကဲ့သို့ အမှန်တရားတစ်ခုခု တင်ပြချင်သည့် အခါမျိုးတွင် ခြိမ်းခြောက်ခံရသဖြင့် ခိုးကြောင်ခိုးဝှက် သတင်းပေးနေရပြီး သတင်းသမားများသည်လည်း ရုပ်ဖျက် သတင်းယူရမှုများ ရှိသည်ကိုလည်း တွေ့ရှိရသည်။ ဂန့်ဂေါခရိုင် ဒေသအတွင်းသို့ သတင်းလာရောက်ရယူသည့် သတင်းသမားများအတွက် လုံခြုံရေး မယူပေးသည့်အပြင် ပကဖ၊ ပအဖ မြို့နယ်အဖွဲ့အစည်းများက စောင့်ကြည့်မှုများ ရှိနေသည် ဟုလည်း ဆိုသည်။ လက်ရှိအချိန်အထိ သတင်းသမားများကို ဥပဒေကြောင်းအရ သီးသန့် အကာအကွယ်ပေးထားသည့်ကိစ္စများ မရှိသေးသော်ငြား သတင်းသမားများကို အပြစ်ပေး အရေးယူခြင်းလည်း မရှိသေးကြောင်း သိရသည်။ မီဒီယာ အရောက်အပေါက် နည်းသည့် ဒေသများတွင် သတင်းသမားများ အနေဖြင့် ရုပ်ကျေးပိုင်းအထိ ဆင်းပြီး သတင်း ရယူခြင်းမျိုး ပြုလုပ်စေချင်ကြောင်း ဒေသခံများက မှတ်ချက်ပြုကြသည်။

"ခွဲခြားပြီး ပြောတာတော့ မဟုတ်ဘူး။ သတင်းချိတ်ဆက်မှု မီဒီယာပိုင်းမှာ NUG နဲ့ မပတ်သက်တဲ့ ဟာက ပိုပြီးတော့မှ ဆောင်ရွက်မှု အားကောင်းတယ်"

**(မကွေးဒေသခံ တစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

မကွေးဒေသတွင် ဖုန်းလိုင်းကို အဓိကအားထားပြီး သတင်းအချက်အလက် မျှဝေမှုကို ပြုလုပ်နေရသည့်အတွက် အရေးပေါ်အခြေအနေများတွင် ကြိုတင်ပြင်ဆင်မှု ပြုလုပ်ရန် ဒေသခံများက ကိုယ်ထူကိုယ်ထ ပြုလုပ်နေရသည်။ အုပ်ချုပ်ရေးပိုင်းက မီဒီယာမှ တစ်ဆင့် ပြည်သူထံ တင်ပြမှု အားနည်းနေသေးသည်ဟု သိရသည်။ သို့သော် စက်ပစ္စည်းကိရိယာ မလုံလောက်မှုကလည်း မြို့နယ်အဆင့်က အရေးပေါ်အခြေအနေ ကြေညာရေး လုပ်ငန်းစဉ်များ အတွက် အခက်အခဲဖြစ်စေသည်ဟု ယခုသုတေသနတွင် ပါဝင်ဖြေဆိုကြသော ဒေသခံအချို့က ပြောသည်။ အင်တာနက်လုံးဝမရသည့် ဒေသများရှိပြည်သူကို အင်တာနက် ရသည့် ဒေသရှိ ပြည်သူများက ဖုန်းဖြင့်ဆက်သွယ်ပြီး သတင်းအချက်အလက် ပေးပို့ခြင်းများ ကိုလည်း ပြုလုပ်ကြရသည်။

စစ်ကိုင်းနှင့် မကွေး ဒေသတွင် တူညီသည်မှာ သတင်းအချက်အလက် စီးဆင်းမှုကို ကြည့်လျှင် အုပ်ချုပ်ရေးအဖွဲ့များသည် ပွင့်လင်းမြင်သာမှုအားနည်းပြီး လူထုအပေါ် သတင်း စီးဆင်းမှုဆိုင်ရာ ဝန်ဆောင်မှုများ အားနည်းကြောင်း တွေ့ရသည်။ အင်တာနက် ဖြတ်တောက် ခံနေရသည့် မကွေးဒေသခံများအတွက် Starlink အင်တာနက်သည် သတင်းအချက်အလက်ရယူ ဖလှယ်သည့် နေရာဖြစ်သော်လည်း Starlink အင်တာနက် အများစုကို ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့များ၊ လက်နက်ကိုင်အဖွဲ့များက ပိုင်ဆိုင် လွှမ်းမိုးထားသဖြင့် လွတ်လပ်စွာသုံးစွဲနိုင်မှု အားနည်းသည်ကို တွေ့ရသည်။ အုပ်ချုပ်ရေးနှင့် လက်နက်ကိုင်အင်အားစုများက သတင်း မီဒီယာများ၏ လွတ်လပ်ခွင့်ကို မကာကွယ်သည့်အပြင် စောင့်ကြည့်မှုများလည်း ရှိသည်ကို တွေ့ရသည်။ ထို့အတွက်ကြောင့် ဒေသတွင်း သတင်းမီဒီယာဖွံ့ဖြိုးမှု အားနည်းပြီး သတင်း စီးဆင်းမှု ထိခိုက်စေကြောင်းတွေ့ရသည်။ ထို့အပြင် ပြည်သူများ၏ သတင်းမီဒီယာနှင့် ထိတွေ့ရန် စိုးရိမ်ကြောင့်ကြမှုများ ရှိသောကြောင့် မှန်ကန်သော သတင်းစီးဆင်းရရှိမှုကိုလည်း ထိခိုက် စေကြောင်း တွေ့ရသည်။

## သတင်းအချက်အလက်လက်လှမ်းမီမှု - ကရင်နီပြည်

ယခုသုတေသနတွင် ပါဝင်ဖြေဆိုကြသော ကရင်နီပြည် ဒေသခံပြည်သူများသည် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) က ထုတ်ပြန်ပေးသော အသိပေးချက်၊ ကြေညာချက်များကို အင်တာနက်အသုံးပြုပြီး ရယူလျက်ရှိသော်လည်း သဘာဝဘေးအန္တရာယ် နှင့် လေကြောင်းအန္တရာယ်များတွင် စောလျင်သော အသိပေးမှုများအတွက် လုပ်ဆောင်နိုင်မှု မရှိသေးပေ။ ဒေသခံများသည် အင်တာနက်မှ တစ်ဆင့် သတင်းရယူသည့်အခြေအနေသည် စိန်ခေါ်မှုအများပြား ရှိနေသည့်အတွက် အခြားနည်းလမ်းများဖြစ်သည့် စကားပြောစက်မှ တစ်ဆင့် သတင်းပို့ခြင်း၊ ရှေ့တန်းပြန် ရဲဘော်များက သတင်းစကားများ သယ်ဆောင်လာခြင်း၊ ဥသြဆွဲခြင်း၊ ခေါင်းလောင်းထိုး အသိပေးခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား အသုံးပြုခြင်း၊ Starlink အင်တာနက်ဗန်းများ အသုံးပြုခြင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များက သတင်းမျှဝေပေးခြင်း စသည့်တို့ကို မှီခိုနေရသည်။ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍသည် သတင်းအချက်အလက် ဖြန့်ဝေရေး ကဏ္ဍတွင် အထူးအရေးပါပြီး ကျေးရွာ လူထုစုဝေးသည့် အစည်းအဝေးများမှ တစ်ဆင့်လည်း သတင်းစကားများကို ရယူကြသည်ကိုသိရှိရသည်။ သို့သော်လည်း သတင်း အချက်အလက် ရရှိမှုနှင့် ဖြန့်ဝေမှု အခြေအနေသည် စိန်ခေါ်မှု များစွာရှိနေပြီး အရေးပေါ် အခြေအနေများတွင် အချိန်နှင့် တပြေးညီ သတင်းအချက် ရရှိရေးအတွက် လုပ်ဆောင်ရ ခက်ခဲ နေသေးပြီး တစ်ခါတရံ ၁ရက်၊ ၂ရက်ခန့် ကြာပြီးမှ သတင်းအချက်အလက် ရောက်လာသည့် အခြေအနေများလည်း ရှိသည်။

> "IEC ရဲ့ သတင်းမီဒီယာမှာ ထုတ်ပြန်ကြေငြာတဲ့ဟာ ရှိတယ်၊ ပြည်သူတွေက internet က အခက်အခဲရှိတော့ အယောက်တိုင်း မသိနိုင်ဘူးလေ။ သူတို့က ကြေငြာမယ် ဆိုရင် သက်ဆိုင်ရာ ဆပ်ကော်မတီ ၊ ကျေးရွာအုပ်ချုပ်ရေးက တဆင့် စာတွေ လိုက်ဖြန့် ပေးနိုင်ရင်လည်း ပိုအဆင်ပြေတယ် အကြံပေးတာပါ၊ ဒါပေမယ့် အရေးပေါ် အခြေအနေ ဆိုရင် လမ်းခရီးလည်း ဆိုး၊ လိုင်းလည်း အဆင်မပြေဘူးဆိုရင် နှောင့်နှေး ကြန့်ကြာမှုတွေ ရှိနိုင်ပါတယ်"
>
> **(ဒီမောဆိုမြို့နယ်ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

ထို့အပြင် မီဒီယာနှင့် သတင်းအချက်လက် ရယူရေးအတွက် လုပ်ဆောင်ချက်များ အားနည်းနေပြီး ဒေသအချို့တွင် သတင်းရယူခွင့်ကို လုံခြုံရေးအရ တားမြစ်သည့် အခြေအနေများ ရှိနေသည်။ အဆိုပါကဏ္ဍသည် အားနည်းသောကြောင့် သတင်းတု သတင်းမှားနှင့် ကောလာဟလ ပျံ့နှံ့မှုသည် ဒေသခံများ၏ လူမှုဘဝကို ရိုက်ခတ်မှု ရှိနေသည့် အတွက် ထိထိရောက်ရောက် ကိုင်တွယ်ရန် ပြောဆိုမှုများ ရှိနေသည်။ အဆိုပါ ကိစ္စနှင့် ပတ်သက်၍ အုပ်ချုပ်သူများဘက်က သတင်းထုတ်ပြန်မှုများ ရှိသော်လည်း အချို့ကိစ္စများသည် ကောလာဟလ ဖြစ်သည့်အတွက် သေချာစွာကိုင်တွယ်ရန် လိုအပ်နေသည်ဟု ပြောဆိုမှုများရှိသည်။

ကရင်နီပြည်တွင်လည်း မီဒီယာများနှင့် ဒေသခံများ ထိတွေ့မှုအားနည်းနေပြီး သတင်းရေးသား ဖော်ပြရာတွင် သက်ဆိုင်ရာသို့ အကြောင်းကြား အသိပေးရခြင်းများလည်း ရှိသည်။ လုံခြုံရေး အခြေအနေကြောင့် သတင်းရေးသားဖော်ပြမှုကြောင့် အန္တရာယ် မဖြစ်ပွားရေး ကိုလည်း သတိထားဆောင်ရွက်ရသည်ဟုလည်း ဒေသခံများက ဖြေဆိုကြသည်။ သို့ရာတွင် အင်တာဗျူးဖြေဆိုခြင်းများအတွက် တင်းကြပ်ကန့်သတ်ထားခြင်းမျိုး မရှိဘဲ ကာယကံရှင် များ၏ ဆန္ဒအပေါ် အဓိကမူတည်ပြီး လွတ်လပ်စွာ ဖြေဆိုခွင့် ရှိကြောင်းသိရသည်။ သို့သော် ဒေသခံများတွင် မိမိတို့ လွတ်လပ်စွာ ဖြေဆိုလိုက်သည့်အတွက် အန္တရာယ် ဖြစ်ပွားမည်ကို စိုးရိမ်သည့်နေရပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေးပိုင်းက အရေးယူမည်ကို စိုးရိမ် ကြောင့်ကြရမှုများလည်း ရှိသည်ဟု ဖြေဆိုကြသည်။ တစ်ခါတစ်ရံ မြေပြင်ကွင်းဆင်း သတင်း အချက်အလက် ရယူမှုတွင် သတင်းမီဒီယာများ အနေဖြင့် လက်လှမ်းမမှီခြင်းနှင့် တစ်ဆင့်ခံ သတင်း အရင်းအမြစ်များ၊ Social Media များမှ တစ်ဆင့် အချက်အလက်ရယူမှု ပြုလုပ်ရခြင်း ကြောင့် ကွဲလွဲချက်များရှိသည်။ စစ်ဖြစ်ပွားနေသည့် မြေပြင်အထိ သတင်းသွားရောက် ရယူသည့် သတင်းသမားများအတွက် တပ်ရင်း တပ်ဖွဲ့များက လုံခြုံရေးအတွက် လိုက်ပါ ဆောင်ရွက်ပေးသည့် အခြေအနေများလည်း ရှိသည်။ ကရင်နီဒေသအတွင်း သတင်း အချက်အလက်ရရှိမှု အခြေအနေသည် ကိုယ်ထူကိုယ်ထ စနစ်ဖြင့် သတင်းဖလှယ်သည့် အခြေအနေဖြစ်ပြီး အုပ်ချုပ်ရေးပိုင်းက သတင်းစီးဆင်းမှုနှင့် သတင်းတု၊ သတင်းမှား ပျံ့နှံ့မှုကို တိတိကျကျ ကိုင်တွယ်ပေးရေး ဒေသခံများက လိုလား လျက်ရှိသည်။

စစ်အာဏာသိမ်း ကာလတွင် ဖိနှိပ်ခံနေရသည့်အတွက် သတင်း အချက်အလက် မျှဝေရေးတွင် ဖုန်းနှင့် အင်တာနက်လိုင်း ပြတ်တောက်နေမှု၊ လမ်းပန်း ဆက်သွယ်ရေး အခက်အခဲနှင့် ငွေကြေးပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ စက်ပစ္စည်း မလုံလောက်မှုများ၊ ရာသီဥတု နှင့် လျှပ်စစ်မီး မလုံလောက်မှု အခြေအနေတို့သည် စိန်ခေါ်မှု များစွာ ဖြစ်နေသည်။ အရပ်ဘက် အဖွဲ့အစည်းများ၊ မီဒီယာများနှင့် အုပ်ချုပ်သူများအကြား လုံခြုံရေး အခြေအနေအပေါ် မူတည်ပြီး ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေးသည်လည်း အရေးကြီးသည့် အချက်ဖြစ်သည်။

"ကျွန်မတို့ဒေသမှာ မီဒီယာ သိပ်မရှိဘူး ရေဒီယိုရှိပေမယ့် ဝေးဝေးမှာ တစ်လုံး ရှိတာ၊ ဥပမာ မယ်စဲ့ဒေသအတွက် သတင်းအချက်အလက်ဆို ချက်ခြင်း ထုတ်ပြန်တာမျိုး မရှိဘူး၊ ရှိခဲ့ရင်တောင် တိုက်ရိုက်မသိရဘူး၊ တစ်ရက်နှစ်ရက်ကြာမှ ကြားရတာမျိုး ရှိတယ်၊ ပြီးခဲ့တာတောင်မှ နောက်မှ သိရတယ်၊ ကောလဟာလပိုများတယ် ပြီးရင် တခါတလေ ဆိုရင် မကြောက်သင့်ဘဲ ကြောက်ရတာမျိုး၊ အမှန်ဆိုရင် အုပ်ချုပ်ရေး အပိုင်းက သတင်း ဆိုရင် တိကျမှန်ကန်စွာ ထုတ်ပေးရင် ပိုကောင်းတယ်။"

**(မယ်စဲ့မြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

ထို့ကြောင့် ကရင်နီဒေသတွင် အင်တာနက် အကန့်အသတ်က သတင်းအချက်အလက် ရယူနိုင်မှုကို အဓိကကြပ်တည်းစေပြီး သတင်းအချက်အလက်ကို မည်သို့ လက်ခံရယူရန် သိရှိမှု များ အားနည်းသည်ကို တွေ့ရှိရသည်။ Social Media ပေါ်မှ သတင်းများသည်သာ ကရင်နီပြည်ရှိ လူထုကြား ပြန့်နှံ့လွယ်သောကြောင့် သတင်းတုပြန့်မှုများ ကြုံတွေ့ရမှုများလည်း ရှိတတ်သည်။ ဒေသခံများသည် မီဒီယာနှင့် ထိတွေ့မှုအားနည်းပြီး လုံခြုံရေး အကဲဆက်မှုများကြောင့် မီဒီယာများ ဒေသတွင်း သတင်းရယူနိုင်မှုလည်း အားနည်းကြောင်း သိရသည်။ သို့သော်လည်း လူထုအနေဖြင့် မီဒီယာများနှင့် ဖြေဆိုထိတွေ့ရာတွင် လွတ်လပ်စွာ ဖြေဆိုနိုင်ကြကြောင်း တွေ့ရသည်။ သို့သော်လည်း မိမိဖြေဆိုလိုက်သည့် အဖြေများကြောင့် ဥပဒေအရ အရေးယူခံရ နိုင်ရမည်ကို စိုးရိမ်မှုများလည်း ရှိကြသည် ကိုတွေ့ရသည်။

# တွေ့ရှိချက် - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

## ကန့်သတ်ခံနေရဆဲဖြစ်သည့် အညာဒေသ၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့် (စစ်ကိုင်း နှင့် မကွေးဒေသ)

ယခု သုတေသနတွင် ပါဝင်ဖြေဆိုကြသော ဒေသခံ သုတေသီများနှင့် ဒေသခံများ၏ အသံများအရ စစ်ကိုင်းနှင့် မကွေးဒေသများတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မှာ ပုံစံမျိုးစုံဖြင့် ကန့်သတ်ထိန်းချုပ် ခြိမ်းခြောက်ခံနေရဆဲ ဖြစ်သည်ကို တွေ့ရှိခဲ့ရသည်။ အထူး သဖြင့် စစ်ကောင်စီ အဖွဲ့အစည်းများမှသာမက ပြည်သူလူထုအား အကာအကွယ်ပေးရန် ဖွဲ့စည်းထားကြသည့် တော်လှန်ရေး အစုအဖွဲ့များ၏ ကန့်သတ် ခြိမ်းခြောက်ခြင်းများကို ခံနေကြရခြင်း ဖြစ်သည်။ ထို့ကဲ့သို့ ခြိမ်းခြောက် ကန့်သတ်မှုများ ပြုလုပ်ရာတွင် စစ်လက်နက်များကို အသုံးပြု၍ ခြိမ်းခြောက်မှုများအပြင် အမိန့်အာဏာကို အသုံးပြု၍ ခြိမ်းခြောက်မှုများလည်း ရှိနေသည်။ ထို့သို့ တော်လှန်ရေးအင်အားစုများမှ ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို တားဆီးပိတ်ပင်သည့် လုပ်ရပ်များအပေါ်တွင် ရှက်ဖွယ်ကောင်းသည့် လုပ်ရပ်များ အဖြစ် ဤသုတေသနတွင် ပါဝင်ဖြေဆိုသူများမှ မှတ်ချက်ပြုကြသည်။

ထို့သို့ တော်လှန်ရေး အစုအဖွဲ့အချို့၏ လုပ်ဆောင်ချက်များနှင့် ပတ်သတ်ပြီး စစ်ကိုင်းနှင့် မကွေးဒေသရှိ အချို့သော မြို့နယ်များတွင် လူစုလူဝေး ပြုလုပ်ခြင်းများ၊ အစည်းအဝေး ပြုလုပ်ခြင်းများ အတွက် ပြည်သူ့ကာကွယ်ရေး၊ ပြည်သူ အုပ်ချုပ်ရေး အဖွဲ့အစည်းများထံ ခွင့်ပြုချက် ယူရပြီး ၎င်းတို့၏ ခွင့်ပြုချက်မရှိပါက အစည်းအဝေးပွဲ ပြုလုပ်ခြင်းများကို ပိတ်ပင်ထားသည် ကိုလည်း တွေ့ရသည်။

> “အာဏာရှင်ကို တော်လှန်နေတဲ့ လူတွေက အာဏာရှင်ပုံစံကြီး သွားနေကြတာ မြင်ရတော့ သိပ်ကြည့်မကောင်းဘူး။”
>
> **(စစ်ကိုင်းဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

"ပြီးခဲ့တဲ့ ကာလမှာတော့ အစည်းအဝေး တစ်ခုခုလုပ်တယ်၊ လူတွေ စုတယ်ဆိုရင် အုပ်ချုပ်ရေးကနေ သော်လည်းကောင်း၊ ကာကွယ်ရေးကနေ သော်လည်းကောင်း ဖုန်းတွေဆက်ပြီး မေးတာမျိုး၊ တားတာမျိုးတွေရှိတယ်။ သူတို့ရဲ့ ခွင့်ပြုချက်မရှိဘဲ မလုပ်ရဘူးဆိုတဲ့ သဘောပေါ့။ ကိုယ်ပိုင်လွတ်လပ်မှု မရှိဘူးလို့ ပြောရမှာပေါ့။"

**(ထီးလင်းမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

မကွေးဒေသခံတစ်ဦးက ပြည်သူများအနေဖြင့် လက်နက်ကိုင်ထားသည့် မည်သည့် အစုအဖွဲ့ကိုမဆို ကြောက်နေကြရသည့် အကြောင်းကို မှတ်ချက်ပေးထောက်ပြသည်။ ပါဝင်ဖြေဆိုသူများ၏ အသံများအရ မကွေးဒေသရှိ ပြည်သူများအနေဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ပျောက်ဆုံးနေသည့်ကြောင်းနှင့် အစုအဖွဲ့တခုခုကို ဝေဖန်ပြောဆိုမိလျှင် အသက်အန္တရာယ် ရှိသည့်အကြောင်းကို မှတ်ချက်ပြုကြသည်။ ထို့အပြင် အုပ်ချုပ်ရေး အင်အားစု များကို အပြုသဘောဆောင် မှတ်ချက်အကြံပြုရန်လည်း လက်လှမ်းမီမှု မရှိသည့်အကြောင်း ရှုမြင်ကြသည်ကိုလည်း တွေ့ရသည်။ တချိန်တည်းမှာပင် ပြည်သူလူထုအတွက် ခြိမ်းခြောက်ခံနေရသည့် ဖြစ်ရပ်များကို ထိရောက်စွာ တာဝန်ယူ ဖြေရှင်းပေးကြမည့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် အကန့်အသတ် ရှိသည်ကိုလည်း တွေ့ရသည်။

"လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်လည်း မရှိဘူးရှင့်။ သူတို့က တစ်ခုခုဆို သတ်မယ် ဖြတ်မယ်ဆိုတော့ ပြည်သူတွေအနေနဲ့ ကြောက်တယ်၊ မပြောရဲမဆိုရဲဘူး။ ပြောမယ် ဆိုမယ် ဆိုရင်လည်း အဖမ်းခံရမှာ၊ အသတ်ခံရမှာ ကြောက်တယ်။ တကယ် အကြံပေးမယ်ဆိုရင် သာမန်ပြည်သူတွေ အနေနဲ့ အကြံပေးနိုင်စွမ်းမရှိဘူး။ ပေးဖို့ နည်းလမ်း လည်း မရှိဘူး။"

**(ဂန့်ဂေါမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

ထို့အပြင် ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ ဒေသအတွင်းမှ ရင်ဆိုင်ကြုံတွေနေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် အခွင့်အရေး ချိုးဖောက်မှု ဖြစ်ရပ်များကို သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးထံသို့ ပြန်လည် ပြောဆို ထောက်ပြရန်အတွက် ကြောက်ရွံ့နေရသည့် အခြေအနေတွင် ရှိသည်။ အထူးသဖြင့် အာဏာပိုင် အဖွဲ့အစည်းများနှင့် လက်နက်ကိုင်ထားသည့် အစုအဖွဲ့များ၏ အန္တရာယ်ပြု ခြိမ်းခြောက်မှုများမှ စိုးရိမ်နေရသည်ကို တွေ့ရသည်။ ဤအချက်များသည်ပင် ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အကန့်အသတ် များစွာ ရှိသည်ကို တွေ့မြင်နိုင်သည်။

"ကျွန်တော်တို့ ဒေသမှာတော့ ဝေဖန်ထောက်ပြတဲ့သူများပါတယ်။ ဒါပေမယ့် ခဏခဏ ထောက်ပြတာများရင် သူတို့က လက်မခံချင်တော့ဘူး။ ဒါလေးကို ဒီလိုမျိုးလေး လုပ်လိုက်ရင် အဆင်ပြေသွားမယ်လို့ ပြောရင် သူတို့တွေက ကျွန်တော်တို့ ဆွေးနွေး ပေးမယ်၊ တင်ပြပေးမယ်၊ ဒါတွေက အထက်က လူကြီးတွေ ဆုံးဖြတ်မှ ရမယ်ဆိုပြီး အကြောင်းပြချက် ပေးတာများတယ်။"

**(ဂန့်ဂေါမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

"ဘယ်လက်နက်ကိုင် အဖွဲ့အစည်းကတော့ ဘယ်လိုအာဏာရှင်ဆန်လာပြီဆိုပြီး သူတို့ အရှေ့မှာတော့ မပြောဘူးပေါ့၊ ကိုယ်အချင်းချင်း အိမ်မှာပဲဖြစ်စေ၊ လယ်တောထဲမှာ ပေါင်းခုတ်ရင်းဖြစ်စေ၊ လယ်စိုက်ရင်းအချင်းချင်း ပြောကြတာပေါ့၊ ဒါကလည်း ထုတ်ဖော်မှု တစ်မျိုးပေါ့၊ အဲ့တာတွေကို သူတို့ကြားအောင်တော့ မပြောရဲတာတွေ ရှိတာပေါ့၊ ကြားသွားရင် ကိုယ့်ကို အရေးယူခံရမယ်၊ ဘာညာ ကြောက်တဲ့စိတ်နဲ့ အဲ့လိုမျိုးလေးတွေ တော့ ရှိတာပေါ့"

**(ပုလဲမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

သုတေသနတွေ့ရှိချက်များအရ စစ်ကိုင်းနှင့် မကွေးဒေသများရှိ သာမာန် ပြည်သူလူထု အနေဖြင့် ၎င်းတို့၏ ဒေသအတွင်းရှိ အာဏာပိုင် အဖွဲ့အစည်းများနှင့် လက်နက်ကိုင် အစု အဖွဲ့များ၏ အန္တရာယ်ပေး ခြိမ်းခြောက်မှုများကို ကြောက်ရွံ့စိုးရိမ်မှုများ ရှိနေသည်မှာ ထင်ရှားသည်။ ထိုသို့ဖြစ်ရခြင်း အကြောင်းရင်းတရပ်မှာ သက်ဆိုင်ရာအစုအဖွဲ့များအနေဖြင့် ပြည်သူလူထုထံမှ တိုင်ကြားပေးပို့လာသည့် ဖြစ်ရပ်များကို ထိရောက်စွာ အရေးယူ ဖြေရှင်း ပေးရန် ပျက်ကွက်မှုများ (သို့မဟုတ်) ဖြေရှင်းပေးနိုင်မှု မရှိခြင်းများကြောင့် ဖြစ်သည်။ ဒေသခံ အာဏာပိုင် အဖွဲ့အစည်းများအနေဖြင့် ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ကာကွယ်မြှင့်တင်နိုင်ရန်အတွက် ချိုးဖောက်ခံနေရသည့် ရပိုင်ခွင့်များကို ထိရောက်သည့် စုံစမ်း ဖော်ထုတ် အရေးယူမှုများကို လုပ်ဆောင်သင့်သည်။ ထိုသို့ လုပ်ဆောင်ရန် ပျက်ကွက်ခြင်း ကြောင့် ဒေသခံ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုများ ကျဆင်းလာနေသည် ကိုလည်း တွေ့ရှိ ရသည်။

# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကရင်နီပြည်

ကရင်နီပြည် အတွင်းရှိ ပြည်သူလူထုများသည် IEC ၏ ပြည်နယ်တည်ဆောက်ရေး လုပ်ငန်းများအပေါ် ကိုးစားယုံကြည်မှုရှိကြပြီး IEC အုပ်ချုပ်မှုအောက်ရှိ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို အကောင်းရှုမြင်ကြသည်ကို တွေ့ရသည်။ အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ အများ စုသည် IEC ၏ နိုင်ငံရေးခြေလှမ်းများနှင့် အခြားသော လုပ်ငန်းဆောင်တာများတွင် ၎င်းတို့၏ သဘောထား ဆန္ဒနှင့် အသံများ ထင်ဟပ်မှု ရှိသည့်အကြောင်းကို မှတ်ချက် ပြုကြသည်။

> “အခုနောက်ပိုင်း IEC ပေါ်လာတယ်၊ အုပ်ချုပ်ရေးယန္တရားတွေ လည်ပတ်နေတာ တွေ့ရတယ်။ ဒီလိုမျိုး အချိန်မှာတော့ ပြည်သူတွေရဲ့အသံကိုတော့ နားထောင်ပေးတယ်၊ ကျွန်တော်တို့လည်း ထုတ်ဖော်ပြောဆိုခွင့် ရှိတယ်လို့ခံစားရတယ်။”
>
> **(ဒီမောဆိုမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

သို့သော်လည်း အထက်ပါ တွေ့ရှိချက်များကဲ့သို့ပင် တော်လှန်ရေးနှင့် အုပ်ချုပ်ရေး အဖွဲ့ အစည်းများ၏ လုပ်ဆောင်ချက်များအပေါ် ထောက်ပြပြောဆိုခြင်း၊ ဝေဖန်အကြံပြုခြင်းများ ပြုလုပ်ရန်အတွက် ပြည်သူလူထုအတွင်း စိုးရိမ်မှုများ ရှိနေသည်ကို တွေ့ရသည်။ လက်ရှိ ပြင်းပြင်းထန်ထန် ဖြစ်ပွားလျှက်ရှိသည့် စစ်ရေးပဋိပက္ခများ၊ ထိလွယ်ရှလွယ် နိုင်ငံရေး အခြေ အနေများအရ ပုံမှန်အခြေအနေများကဲ့သို့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရရန် အကန့် အသတ်ရှိပြီး တိုင်ကြားမှုများကို ထိရောက်စွာ ကိုင်တွယ် ဖြေရှင်းပေးနိုင်ရန်အတွက် အကန့် အသတ်များစွာ ရှိနေသည့်အတွက်ကြောင့်ဟု ထောက်ပြကြသည်။ ပါဝင်ဖြေဆိုသူ ဒီမောဆိုနှင့် မယ်စဲ့မှ ဒေသခံအချို့၏ ဆွေးနွေးချက်အရ နိုင်ငံရေးနှင့် စစ်ရေး အကြောင်းပြချက်များကြောင့် ကရင်ပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုပေးထားသည့် အကြောင်းကို ထောက်ပြ ကြသည်။ ဒီမောဆိုမှ ဒေသခံတစ်ဦးက ပြည်သူလူထုအနေဖြင့် ၎င်းတို့ ကြုံတွေ့နေရသည့် အခွင့် အရေး ချိုးဖောက်ခံရမှုများကို ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေး ကောင်စီသို့ တိုင်ကြား နိုင်သည့်

အခြေအနေသို့ ရောက်အောင် စီစဉ် ပေးထားသည့်တိုင် ထိုတိုင်ကြားမှုများကို အရေးယူ ဆောင်ရွက်ပေးနိုင်သည့် အခြေအနေနှင့် စွမ်းဆောင်ရည် မရှိ သေးသည်ကို ပြောဆိုသည်။

"ပြည်သူလူထုက အချို့နေရာတွေမှာ လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောဆိုခွင့် မရှိတာတွေလည်းရှိတယ်။ ဘာကြောင့်လဲဆိုတော့ အခုကျ လက်နက်ကိုင်တဲ့ အဖွဲ့တွေ အမြောက်အများရှိလာတဲ့ အချိန်မှာတော့ အခက်အခဲတော့ တွေ့ရတာပေါ့ စကားပြော မှားသွားလို့ရှိရင် တခုခုဖြစ်သွားမှာ စိုးရိမ်နေရတဲ့အတွက် ရေငုံ နှုတ်ပိတ်ပြီး နေရတဲ့ လူတွေရှိတယ်။ အမှန်အတိုင်းကို ပြောပြချင်တယ်။ ဒါပေမဲ့ အသက် အန္တရာယ် ခြိမ်းခြောက်တာတွေ ဖြစ်လာမှာ စိုးရိမ်တဲ့အတွက် ပြည်သူလူထုက ပွင့်လင်း မြင်သာစွာ ပြောဆို နိုင်ဦးမယ်လို့ မထင်ပါဘူး။"

**(ဒီမောဆိုမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

ထို့အပြင် ပြည်သူလူထုအနေဖြင့် မိမိတို့၏ ထင်မြင်ယူချက်များနှင့် တွေ့ကြုံ ခံစား နေရသည့် စိန်ခေါ်မှု အခက်အခဲများကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ရန်အတွက် လုံခြုံ စိတ်ချရသည့် အခြေအနေမျိုး (သို့မဟုတ်) ရပ်ဝန်းမျိုး ဖြစ်ရန် အကန့်အသတ်ရှိနေ သေးသည်ကို တွေ့ရသည်။ အကြောင်းရင်းမှာ လက်နက်ကိုင်ဆောင်ထားသည့် အစုအဖွဲ့များမှ လူထု၏ စဉ်းစား တွေးခေါ် ပြောဆိုမှုနှင့် လုပ်ဆောင်ချက်များအပေါ်တွင် လွှမ်းမိုးမှု ရှိနေခြင်းကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ လူထု၏ ဩဇာသက်ရောက်မှုသည် လက်နက်ကိုင် အစုအဖွဲ့များ အပေါ်သို့ သက်ရောက် လွှမ်းမိုးနိုင်ခြင်းမရှိပဲ၊ လက်နက်ကိုင် အစုအဖွဲ့၊ အဖွဲ့အစည်းများ၏ လွှမ်းမိုးမှုများ ကသာ ပြည်သူလူထုအပေါ် သက်ရောက်နေသောကြောင့် ဖြစ်သည်။

## အရပ်ဘက်အဖွဲ့အစည်းများ၏ လွတ်လပ်စွာ လှုပ်ရှားနိုင်မှုအခြေအနေ။

ယခုသုတေသနတွင် ပါဝင်သောဖြေဆိုကြသော ဒေသခံများ၏ စစ်ကိုင်းနှင့် မကွေး ဒေသများတွင် အရပ်ဘက် အဖွဲ့အစည်းများ ပေါ်ပေါက်လျက်ရှိပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း များကို အားဖြည့်ပံ့ပိုးနေကြသည်ဟု ဆိုကြသည်။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး နှင့် စစ်ရှောင်အရေးများတွင် ပိုမိုအားဖြည့်နိုင်ကြောင်း သိရသည်။ သို့သော်လည်း ယင်းအဖွဲ့များ အရေအတွက်နှင့် ပံ့ပိုးနိုင်မှုမှာ လိုအပ်ချက်နှင့် နှိုင်းယှဉ်ကြည့်လျှင် များစွာကွာဟနေသည်ကို တွေ့ရသည်။

> “စာသင်တဲ့ ကိစ္စဆိုရင်လည်း လွတ်လွတ်လပ်လပ် လုပ်ဆောင်နေကြတာပဲပေါ့နော်၊ ဟိုတလောကဆိုရင်လည်း ဒီမှာကျောင်းစုံညီပွဲတော်အတွက် အရပ်ဖက်အဖွဲ့တွေက ပါဝင် လုပ်ဆောင်ပေးတာရှိတယ်။”
>
> **(ထီးလင်းမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

စစ်ကိုင်းနှင့် မကွေးဒေသများတွင် လုံခြုံရေးဆိုင်ရာ အကန့်အသတ်နှင့် ပဋိပက္ခ အကဲဆက်မှု အရ အရပ်ဘက် အဖွဲ့အစည်းများ အားနည်းသည့် နေရာများလည်းရှိသည်။ အုပ်ချုပ်ရေး အဖွဲ့များနှင့် အရပ်ဘက်အဖွဲ့များ ကြီးမားသည့် ကြားပွတ်တိုက်မှု မရှိသော်လည်း အချို့သော စစ်ကိုင်းဒေသရှိ နေရာများတွင် ကန့်သတ်မှုများ ရှိနေသည်ကို တွေ့ရသည်။ ထို့အပြင် အုပ်ချုပ် ရေး တာဝန်ရှိသူများ၏ ခွင့်ပြုချက်ဖြင့်သာ လှုပ်ရှားရသည့် ကန့်သတ်မှုများလည်း ရှိသည်ကို တွေ့ရသည်။ ခွင့်ပြုချက် ရယူရန် ပျက်ကွက်ပါက အရေးယူသည့် အခြေအနေများပင် ရှိကြောင်း လည်း သိရှိရသည်။ ထို့အပြင် အချို့သော ဒေသများတွင် အရပ်ဘက် အဖွဲ့အစည်းများ ဆောင်ရွက်ရာတွင် အဆင့်ဆင့် ခွင့်ပြုချက်တင်ရပြီး အချိန်များစွာကြာမြင့်ပြီး အကန့်အသတ် များစွာရှိကြောင်း ဖြေဆိုမှုများလည်းရှိသည်။

"အရပ်ဖက်နဲ့ အုပ်ချုပ်ရေး ပတ်သက်မယ်ဆိုရင်တော့ ကျွန်တော်တို့က အရပ်ဖက် အဖွဲ့အစည်းဆိုတာကတော့ ကျွန်တော်တို့ထီးလင်းနယ်မှာ သိပ်မရှိသေးဘူးဗျ၊ အခုလဲ အရပ်ဖက် အဖွဲ့အစည်းဆိုတာ လက်ချိုးရေလို့တောင် ရသေးတယ်"

**(ထီးလင်းမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

ထို့အပြင် အရပ်ဘက်အဖွဲ့အစည်းများကို ထိန်းချုပ်ပြီး အုပ်ချုပ်ရေးအဖွဲ့များက ချုပ်ကိုင်လိုသော ဖြစ်ရပ်များလည်းရှိကြောင်း ဖြေဆိုသူ ဒေသခံများ၏ အဆိုအရသိရသည်။ အရပ်ဘက်အဖွဲ့အစည်းများကို လုံခြုံရေးနှင့် စစ်ရေးအကဲဆက်မှုအရ စောင့်ကြည့်ရန်မှာ နားလည်နိုင်သော်လည်း ကန့်သတ် ထိန်းချုပ်မှုများကြောင့် အရပ်ဘက် ရပ်ဝန်းတစ်ခုလုံး အားနည်းဆုတ်ယုတ်သွားနိုင်သည်ကိုလည်း အထူးသတိပြုရန်လိုအပ်သည်။

"အရပ်ဖက်အဖွဲ့အစည်းတွေက ကိုယ်ကြိုက်သလို လွတ်လွတ်လပ်လပ် လှုပ်ရှားလို့မရဘူး၊ လှုပ်ရှားချင်တယ်ဆိုရင် ကိုယ်နေတဲ့နေရာရဲ့ ပကဖ၊ ပအဖတွေရဲ့ ခွင့်ပြုချက်လိုတယ်ပေါ့၊ အဲ့တာမှ သူတို့ခွင့်ပြုချက်ရမှ လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ရတယ်ပေါ့၊ အဲ့လိုမှမဟုတ်ပဲ ကိုယ့်ဘာကိုလုပ်လိုက်မယ်ဆို သူတို့ပအဖ၊ ပကဖတွေကနေ အရေးယူဆောင်ရွက်တာရှိတယ်။"

**(ယင်းမာပင်မြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

ကရင်နီပြည်၏ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများအကြား ဆက်ဆံရေး အခြေအနေကို လေ့လာဆန်းစစ်ရာတွင် အချင်းချင်းအကြား ပွင့်လင်းမြင်သာမှုရှိသည့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုများနှင့် ဆက်ဆံရေး အစီအမံများကို တည်ဆောက်ထားနိုင်သည်ကို တွေ့ရသည်။ အပြန်အလှန် စည်းနှောင်အားကောင်းသည့် အခြေအနေမျိုးဖြစ်ကြောင်း ဒေသခံများ၏ဖြေဆိုမှုများမှ တွေ့ရှိရသည်။ ထို့ကြောင့်လည်း ကရင်နီပြည်ရှိ အရပ်ဘက် အဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအကြား ပညာရေးဝန်ဆောင်မှု

များနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောက်ရွက်ကြရာတွင် ထိရောက်စွာ အကောင်အထည်ဖော်နိုင်လျက် ရှိသည့်အကြောင်းကို ပါဝင်ဖြေဆိုသူများက ထောက်ပြကြသည်။

"ဒီဘက်မှာ နေရာတိုင်းတော့ လွတ်လွတ်လပ်လပ်မရဘူး၊ အုပ်ချုပ်တဲ့ အဖွဲ့အစည်းအောက်က အဆင့်ဆင့်သွားကြရတာပေါ့၊ ဘေးအဖွဲ့အစည်းဆိုလဲ ဒီနယ်ထဲမှာ တစ်ခုခု လုပ်တော့မယ်ဆိုရင် ကိုယ့်သဘောဆန္ဒနဲ့ လုပ်မရဘူးပေါ့၊ ဗဟိုရဲ့ ခွင့်ပြုချက် ရမှသာ အလုပ်လုပ်လို့ရတာပေါ့၊ အဲ့လိုပုံမျိုးပါပဲ၊ ကိုယ့်သဘောဆန္ဒနဲ့တော့ ဘာမှ မလုပ်ကြပါဘူး။"

**(ကနီမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

ကောက်ယူရရှိခဲ့သည့် အချက်အလက်များ အရလည်း ကရင်နီပြည်အတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများသည် အုပ်ချုပ်ရေး အဖွဲ့အစည်းများအတွက် လိုအပ်သည့် နည်းပညာပိုင်း ဆိုင်ရာ ပံ့ပိုးမှုများ၊ အကြံပြုချက်များနှင့် အခြားသော ထောက်ပံ့မှုများကို ထဲထဲဝင်ဝင် လုပ်ဆောင်နိုင်သည့် အခြေအနေများ ဖန်တီးထားသည်ကို တွေ့ရသည်။ အထူးသဖြင့် ကရင်နီ ပြည်နယ်အတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုရှိခြင်း၊ အတူတကွ ပူးပေါင်း ဆောင်ရွက်နိုင်ခြင်းနှင့် ထိုလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် လိုအပ်သည့် ကျွမ်းကျင်မှုများနှင့် အရင်းအမြစ်များကို ရှာဖွေ မြှင့်တင်နိုင်စွမ်း ရှိကြသည်ကို တွေ့ရသည်။

"အရပ်ဖက်အဖွဲ့အစည်းတွေနဲ့ အုပ်ချုပ်သူတွေကြားမှာရှိတဲ့ ဆက်ဆံရေးကတော့ အချိတ်အဆက် တော်တော်လေးကို အားကောင်းကြပါတယ်။ အဲ့ဒီလို သူတို့ ချိတ်ဆက်မှုနဲ့ ဆက်ဆံရေးတွေ အားကောင်းလို့လည်း ဒီဘက်မှာ အုပ်ချုပ်ရေး ယန္တရားတော်တော်လေး လည်ပတ်နိုင်တာပေါ့။"

**(မယ်စဲ့မြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

“အရပ်ဘက် အဖွဲ့အစည်းတွေကို သူတို့ရဲ့ အုပ်ချုပ်ရေး၊ ကာကွယ်ရေး လက်အောက်က သွားရမယ် ဖြစ်စေချင်တာ။ အရပ်ဘက် အဖွဲ့အစည်းတွေက ပြည်သူတွေ၊ စစ်ဘေးရှောင်တွေ အကူအညီပေးမယ်၊ ပံ့ပိုးမယ်ဆိုရင်လည်း အုပ်ချုပ်ရေးတွေက သူတို့ကို အပ်ပြီးတော့မှပဲ သွားစေချင်တယ်။ အဲ့ဒါကို ကျွန်မတို့က ဆန့်ကျင်တယ်။ ဆန့်ကျင်တယ် ဆိုတာက အုပ်ချုပ်ရေးကို ပစ်ပယ်တာ မဟုတ်ဘူး။ သူတို့လုပ်စရာ ရှိတာလည်း လုပ်ပါ။ တကယ် ဒုက္ခရောက်နေတဲ့ ပြည်သူတွေဆီ တောတောင်တွေထဲအထိ သွားပြီး ကူညီလုပ်ဆောင်တဲ့နေရာမှာ အုပ်ချုပ်ရေး အဖွဲ့တွေထက် အရပ်ဘက် အဖွဲ့အစည်းတွေက ပိုပြီးတော့ ထိရောက် တယ်။ အရပ်ဘက်အဖွဲ့ကို အုပ်ချုပ်ရေးတွေက ထိန်းချုပ်ချင်တာကို ကျွန်မ မကြိုက်ဘူး”။

**(ထီးလင်းမြို့နယ် ဒေသခံတစ်ဦး၊ အောက်တိုဘာ ၂၀၂၄)**

ထို့ကြောင့်လည်း အပြန်အလှန်အားဖြင့် ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ အနေဖြင့် လျာထားသည့် လုပ်ငန်းအစီအစဉ်များကို စနစ်တကျ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန်အတွက် အရပ်ဘက် အဖွဲ့အစည်းများထံ အကြံပြုချက်များ ရယူ၍ လုပ်ဆောင်ခြင်း ဖြစ်သည်။ ဒီမောဆိုမြို့နယ်မှ ပါဝင်ဖြေဆိုသူတစ်ဦးက IEC ဖွဲ့ပြီးနောက် အရပ်ဘက်အဖွဲ့အစည်း CSOs များနှင့် NGO အဖွဲ့များ အားကောင်းလာပြီး နယ်ပယ်အလိုက် လုပ်ငန်းအစီအစဉ်များကို ပြန်လည် လုပ်ကိုင်လာနိုင်ကြသည့် အပြင်၊ IEC အနေဖြင့်လည်း အရပ်ဘက် အဖွဲ့အစည်းများနှင့် အမြဲတမ်း ချိတ်ဆက်ဆောင်ရွက်မှုများ ရှိသည်ဟုဆိုသည်။ ကရင်နီမှ ပါဝင်ဖြေဆိုသူများက အုပ်ချုပ်ရေး တာဝန်ရှိသူများ အနေဖြင့် လုပ်ငန်းတစ်ခု ဆောင်ရွက်တော့မည် ဆိုပါက အရပ်ဘက် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လေ့ ရှိကြသည်ကို မှတ်ချက်ပြုသည်။ ထို့နည်းတူ မယ်စဲ့ဒေသမှ ပါဝင်ဖြေသူတစ်ဦးမှလည်း ဒေသအလိုက် သက်ဆိုက်ရာ ကြားကာလ အုပ်ချုပ်ရေး အဖွဲ့အစည်းများမှ အရပ်ဘက် အဖွဲ့အစည်းများအကြား ကောင်းမွန်သည့် ဆက်ဆံရေးများနှင့် အချင်းချင်း ပူပေါင်းလုပ်ဆောင်သည့် အကြောင်းကို အောက်ပါအတိုင်း သဘောတူ မှတ်ချက်ပြုထားသည်။

# နိဂုံးနှင့် အကြံပြုချက်များ။

အချုပ်အားဖြင့်ဆိုရပါသော် စစ်ကိုင်းတိုင်းနှင့် မကွေးဒေသများတွင် အဓိက အုပ်ချုပ်ရေး လည်ပတ်နေသူများမှာ အမျိုးသားညီညွတ်ရေးအစိုးရဖြစ်သည်။ သို့သော်လည်း အချို့ဒေသများ အတွက် အမျိုးသားညီညွတ်ရေးအစိုးရ လက်အောက်ခံမဟုတ်သော ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များ လည်ပတ်နေသည်ကိုလည်း တွေ့ရှိရသည်။ ထို့အပြင် လက်နက်ကိုင် အင်အားစုများနှင့် အုပ်ချုပ်ရေးအဖွဲ့များ အကြား ပွတ်တိုက်မှုများလည်းရှိပြီး အချို့နေရာများတွင် မြို့နယ်တစ်ခု တွင်ပင်လျှင် ပွတ်တိုက်အုပ်ချုပ်မှုများ ရှိသည်ကိုတွေ့ရသည်။ ယင်းပွတ်တိုက်မှုများကြောင့် လူထုအပေါ် ဝန်ထုတ်ဝန်ပိုးပိစေပြီး အခက်အခဲများ ဖြစ်ပေါ်စေပြီး အခွန်ကောက်ခံမှု ကိစ္စများ တွင် လူထုသည် အဖွဲ့တစ်ဖွဲ့ထပ် ပို၍ အခွန်ပေးရမှုများကြောင့် လူထုအခွန်ပန်းစေ ကြောင်း တွေ့ရသည်။ အုပ်ချုပ်ရေး အကောင်အထည်ဖော်ရာတွင် လက်နက်ဖြင့် ဖိအားပေးမှုခြင်း၊ အကြောက်တရားဖြင့် အုပ်ချုပ်မှု ပုံစံအချို့ကို စစ်ကိုင်းနှင့် မကွေးဒေသများတွင် တွေ့ရှိရသည်။ စစ်ကိုင်း၊ မကွေး၊ ကရင်နီ ဒေသသုံးခုလုံးတွင် ဥပဒေစိုးမိုးမှု အားနည်းပြီး ထုတ်ပြန်ထားသော ဥပဒေ စည်းမျဉ်းများနှင့် အညီ ထိရောက်စွာ အကောင်ထည်ဖော်မှုများ အားနည်းမှုများ ရှိကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် စစ်ကိုင်းနှင့် မကွေးဒေသများတွင် အုပ်ချုပ်ရေး အဖွဲ့များ နှင့် လက်နက်ကိုင်အဖွဲ့များ၏ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အုပ်ချုပ်စီမံမှု အားနည်း ကြောင်း တွေ့မြင်ရသည်။ ဒေသသုံးခုလုံးတွင် တူညီသည်မှာ ပြည်သူ့ ဝန်ဆောင်မှုများ၊ အထူးသဖြင့် အထောက်အပံ့များ ပေးအပ်သော အစီအစဥ်များတွင် အဂတိ တရားကင်းမှု အားနည်းပြီး ဘက်လိုက် ခွဲခြားမှုများ ရှိသည်ကိုလည်းတွေ့ရှိရသည်။

သတင်းအချက်အလက် ရယူနိုင်မှု နှင့်ပတ်သတ်ပြီး ကရင်နီဒေသတွင် အင်တာနက် အကန့်အသတ်သည် သတင်းအချက်အလက်ရယူနိုင်မှုကို အဓိကကြပ်တည်းစေပြီး သတင်း အချက်အလက်ကို မည်သို့ လက်ခံရယူရန် သိရှိမှုများ အားနည်းသည်ကို တွေ့ရှိရသည်။ ဒေသ သုံးခုလုံးတွင် အုပ်ချုပ်ရေးကဏ္ဍမှ တစ်ဆင့် သတင်းအချက်အလက် ဖြန့်ချီရေး အတွက် လုပ်ဆောင်နိုင်မှုသည် အကန့်အသတ် အများအပြားရှိနေပြီး ဒေသခံများ၊ အရပ်ဘက် အဖွဲ့ အစည်းများနှင့် အလှူရှင်များက သတင်းအချက်အလက် ဖြန့်ဝေရေးအတွက် ကိုယ်ထူကိုယ်ထ လုပ်ဆောင်နေရပြီး စကားပြောစက်များ၊ PSI စလောင်းများ၊ Starlink စက်များမှ တစ်ဆင့်

သတင်းအချက်အလက်ရယူရေး နေရာအချို့တွင် ပြုလုပ်နိုင်သော်လည်း ငွေကြေး လိုအပ်ချက်များနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကို ဒေသခံများ ရင်ဆိုင်နေကြရသည်။ မီဒီယာများနှင့် ထိတွေ့နိုင်မှုသည် မကွေးဒေသတွင် အထူးအားနည်းနေပြီး မီဒီယာသမားများကို စောင့်ကြည့်ခြင်း၊ ဖိနှိပ်ခြင်းနှင့် ဖမ်းဆီးခြင်း ဖြစ်စဉ်များပါ ရှိနေသည်။မြေပြင်ကွင်းဆင်း သတင်းရယူနိုင်မှု အခြေအနေ အကန့်အသတ်များကြောင့် ကွဲလွဲသည့် တင်ပြချက်များလည်း ရှိသည်။ အုပ်ချုပ်သူများအနေဖြင့် ကောလာဟလနှင့် သတင်းတု သတင်းအမှားပျံ့နှံ့မှု အခြေအနေများကို တိကျသေချာစွာ ကိုင်တွယ်နိုင်ရန် လိုအပ်နေသည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောခွင့်ကို လေ့လာရာတွင် ကရင်နီပြည်တွင် အတိုင်းအတာတစ်ခုထိ လွတ်လပ်မှုရှိသော်လည်း နိုင်ငံရေးစစ်ရေး အကဲဆက်သည့် ပုံမှန် အခြေအနေ မဟုတ်သဖြင့် အကန့်အသတ်ဖြင့် ခွင့်ပြုထားသည်ကို တွေ့ရသည်။ လက်နက်ကိုင် အဖွဲ့များ၏ လွှမ်းမိုးမှုသည် ကြီးမားသဖြင့် ပြည်သူလူထုသည် ထုတ်ဖော်ပြောဆိုရန် ကြောက်လန့်စိုးရိမ်မှုများရှိသည်။ သို့သော်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ခွင့်ဆိုသည်မှာ ပုံမှန် နှင့် အထူး အခြေအနေဟူ၍ ခွဲခြားကန့်သတ်၍ မရသည်ကို အထူးဂရုပြုရန်လို အပ်သည်။ ယင်းအကန့်အသတ်များကြောင့် အစိုးရ ယန္တရားကို စောင့်ကြည့် ထိန်းသိမ်းပေးခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများဖော်ထုတ်ခြင်းနှင့် ဒေသန္တရ အုပ်ချုပ်သူများနှင့် ပြည်သူ့ဝန်ဆောင်မှုပေးသူများ၏ မတရားမှု များကို ထုတ်ဖော်တင်ပြနိုင်ရေး အတွက်လည်း အကန့်အသတ် ဖြစ်ပေါ်လာစေနိုင်သည်။ စစ်ကိုင်းဒေသနှင့် မကွေးဒေသတွင်မှု လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ရပ်ဝန်းသည် ပိုမို ကျဥ်းမြောင်းလာပြီး လက်နက်ဖြင့် ခြိမ်းခြောက်မှုများပါ ရှိသည်ကို မှတ်သားတွေ့ရှိရသည်။ လူထုနှင့် အုပ်ချုပ်သူအကြား ဆက်ဆံရေးသည် ဝေးကွာပြီး လွတ်လပ်ပွင့်လင်းစွာ ထိတွေ့ ဆက်ဆံနိုင်ခြင်းလည်း အားနည်းကြသည်ကိုတွေ့ရသည်။ ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့များအပေါ် စစ်ကိုင်းနှင့် မကွေးတွင် ဆန္ဒထုတ်ဖော်မှုများ ရှိသည်မှာမှန်သော်လည်း ပြည်သူလူထုသည် ခြိမ်းခြောက်ခံရမှုများနှင့် အသက်အန္တရာယ်ပါ ထိခိုက်နိုင်သည်ထိပါ စိုးရိမ်မှုများ ရှိနေသည်ကို တွေ့ရသည်။

အရပ်ဘက် လူမှုအဖွဲ့စည်းများနှင့် ပတ်သတ်ပြီး ကရင်နီပြည်တွင် အုပ်ချုပ်ရေးနှင့် အရပ်ဘက် အဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းသည်ကို တွေ့ရသည်။ ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် အရပ်ဘက်အဖွဲ့များသည် လွန်စွာအရေးပါပြီး အုပ်ချုပ်ရေး

အဖွဲ့များနှင့် ဟန်ချက်ညီ ပူးပေါင်းနိုင်သည်ကိုတွေ့ရသည်။ ၄င်းနှင့်အတူ လွတ်လပ်စွာ လှုပ်ရှားနိုင်သည်ကိုလည်း တွေ့ရသည်။ သို့သော်လည်း စစ်ကိုင်းဒေသနှင့် မကွေးဒေသတွင် ဒေသအလိုက် အရပ်ဘက် အဖွဲ့အစည်းများ ဖွံ့ဖြိုးမှုများ ဒေသအလိုက် မတူညီကြသည်ကို တွေ့ရသည်။ စစ်ကိုင်းဒေသနှင့် မကွေးဒေသအများစုတွင် အရပ်ဘက်လူမှု အဖွဲ့အစည်းများသည် လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုချက်အဆင့်ဆင့် တင်ရသည်ကို တွေ့ရသည်။ ထို့အပြင် လူထု ဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် အကန့်အသတ်ဖြင့် ဆောင်ရွက်ရပြီး စောင့်ကြည့် နှောက်ယှက်ခံရမှုများရှိသည်ကိုလည်း တွေ့ရှိရပါသည်။ စစ်ရေးနှင့် လုံခြုံရေးအကဲဆက်မှုအရ အဆင့်ဆင့် ခွင့်ပြုချက်များယူပြီး အရပ်ဘက် အဖွဲ့အစည်းများ၏ လုပ်ငန်းများကို ကိုင်တွယ်ရသည်မှာ နားလည်နိုင်သော်လည်း ဗဟိုချုပ်ကိုင်မှု ကြီးစွာဖြင့် ကန့်သတ်မှုများကြောင့် အရပ်ဘက် လူမှုအဖွဲ့ အစည်းများ၏ ဝန်ဆောင်မှု အားနည်းလာနိုင်ပြီး ပြည်သူလူထု ဝန်ဆောင်မှု ရရှိနိုင်မှု အပေါ် ထိခိုက်နိုင်သည်။ ထို့အပြင် ယင်းကန့်သတ်ချက်များကြောင့် အုပ်ချုပ်ရေးယန္တရားကို စောင့်ကြည့်ထိန်းကျောင်းနိုင်မှုကို ထိခိုက်နိုင်ပြီး အဂတိလိုက်စားမှုရှိသော၊ တရားမျှတမှုအားနည်းသော ပြည်သူ့ဝန်ဆောင်မှု များစွာပေါ်ပေါက်လာနိုင်သည်။

ယခု သုတေသတွေ့ရှိချက်များ၊ ဒေသခံ သုတေသီများ၏ ဆွေးနွေးမှုများ နှင့် ဦးဆောင်သုတေသီများ၏ လေ့လာမှုများကို ပေါင်းစပ်ပြီး အောက်ပါအကြံပြုချက်များကို ပေးလိုပါသည်။

- ယခု သုတေသန အထူးပြုလေ့လာထားသည့် စစ်ကိုင်း၊ မကွေးနှင့် ကရင်နီပြည်ဒေသများရှိ အုပ်ချုပ်ရေး ယန္တရားများနှင့် ပတ်သတ်ပြီး ပြည်သူလူထု တိုင်ကြားနိုင်သည့် သတင်းအချက်အလက်များ ပိုမိုလက်လှမ်းမီစေရေး ဆောင်ရွက်ရန်နှင့် ပွင့်လင်းမြင်သာပြီး တရားမျှတမှုရှိသော တိုင်ကြားရေး အစီအမံများ ဖြစ်စေရေး အာမခံပေးရန်။
- ယင်းကဲ့သို့ တိုင်ကြားရေး အစီအမံများ ဖန်တီးရာတွင် တိုင်ကြားသူများ၏ အချက်အလက်ကို အကာအကွယ်ပေးရန်နှင့် တိုင်ကြားမှုများကို လျင်မြန်စွာ အရေးယူပြီး ပြစ်မှု ကျူးလွန်သူများကို ပြစ်ဒဏ်မှ ကင်းလွတ်မှု မရှိစေရေး စီမံဆောင်ရွက်ရန်။

- ယခု သုတေသန အထူးပြုလေ့လာသော စစ်ကိုင်းနှင့် မကွေးရှိ အုပ်ချုပ်ရေးအဖွဲ့များနှင့် လက်နက်ကိုင်အဖွဲ့များကြား လက်နက်ကိုင်အဖွဲ့များမှ အုပ်ချုပ်ရေးအစီအမံများကို ဝင်ရောက်လွှမ်းမိုး စွက်ဖက်မှုများကို ကန့်သတ်လျှော့ချရန်နှင့် အုပ်ချုပ်သူများကြား တာဝန်ဝတ္တရား ရောထွေးနေမှုကို ပြန်လည်စီစစ်ရန်။
- ယခု သုတေသန အထူးပြုလေ့လာထားသည့် စစ်ကိုင်း၊ မကွေးနှင့် ကရင်နီပြည် ဒေသများရှိ ကောက်ခံသော အခွန်စနစ်၊ အခွန်မူဝါဒ၊ ပြည်သူ့ဝန်ဆောင်မှုအတွက် ရရှိသောအခွန်ငွေများမှ အသုံးပြုမှုများကို ပိုမိုပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်။
- ယခု သုတေသန အထူးပြုလေ့လာထားသည့် စစ်ကိုင်း၊ မကွေးနှင့် ကရင်နီပြည် ဒေသများရှိ လက်နက်ကိုင်အဖွဲ့များ၏ လူထုနှင့် ထိတွေ့ဆက်ဆံရာတွင် သတ်မှတ်ထားသော စည်းကမ်းဥပဒေ (code of conduct) များနှင့်အညီ ဆောင်ရွက်ပြီး လက်နက်နှင့် အင်အားသုံးဖိနှိပ်ခြိမ်းခြောက်မှုများ မရှိစေရေး ကြပ်မတ်ရန်။
- ယခု သုတေသန အထူးပြုလေ့လာထားသည့် စစ်ကိုင်း၊ မကွေးနှင့် ကရင်နီပြည် ဒေသများရှိ အုပ်ချုပ်သူနှင့် ပြည်သူ့ဝန်ဆောင်မှု ဆောင်ရွက်သူများ အနေဖြင့် အဂတိတရား ကင်းရှင်းစေရေး ပညာပေးခြင်းနှင့် အရေးယူဆောင်ရွက်ရန်။
- ထို့အပြင် ဌာနအလိုက်၊ ဒေသအလိုက် အဂတိတရားနှင့် ပတ်သတ်ပြီး တိုင်ကြားနိုင်သည့် ယန္တရားအစီအမံများကို ဖန်တီးအကောင်ထည်ဖော်ရန်။
- ယခု သုတေသန အထူးပြု လေ့လာထားသည့် စစ်ကိုင်း၊ မကွေးနှင့် ကရင်နီပြည် ဒေသများရှိ အုပ်ချုပ်သူများ ပြည်သူသို့ သတင်းအချက်အလက် ဖြန့်ဝေရာတွင် ပိုမိုထိရောက်စွာ ဖြန့်ဝေနိုင်မည့် နည်းလမ်းများကို ဒေသခံ အဖွဲ့စည်းများနှင့် ပူးပေါင်းအဖြေရှာ ဆောင်ရွက်ရန်။
- ယခု သုတေသန အထူးပြု လေ့လာထားသည့် စစ်ကိုင်း၊ မကွေးနှင့် ကရင်နီပြည် ဒေသများရှိ ပြည်သူများ လွတ်လပ်စွာ သတင်းအချက်အလက် ရယူသုံးစွဲနိုင်ရေး လွတ်လပ်သော သတင်းနှင့် အင်တာနက်ရယူနိုင်မည့် နေရာများ (ဥပမာ community internet café အင်တာနက်ဆိုင်များ) လွတ်လပ်စွာ ပေါ်ထွန်းလာရေး ပံ့ပိုးပေးရန်။

- ယခု သုတေသန အထူးပြုလေ့လာထားသည့် စစ်ကိုင်း၊ မကွေးနှင့် ကရင်နီပြည် ဒေသများရှိ သတင်းမီဒီယာများ လွတ်လပ်စွာသတင်းရယူနိုင်ရေး နှင့် သတင်း ပြန်လည်တင်ဆက်နိုင်ရေးကို အကာအကွယ်ပေးပြီး ဒေသခံ မီဒီယာများ တိုးတက် လာရေးဆောင်ရွက်ရန်။
- ယခု သုတေသန အထူးပြုလေ့လာထားသည့် စစ်ကိုင်း၊ မကွေးနှင့် ကရင်နီပြည် ဒေသများရှိ ပြည်သူများအတွက် ဒေသတွင်း သတင်းတု သတင်းမှား များမှ ကာကွယ် ရန်နှင့် လွတ်လပ်သော သတင်းမှန် စစ်ဆေးသည့်အစီအမံ (Fact Checking) များ ပေါ်ပေါက် လာရေး ဆောင်ရွက်ရန်။
- ယခု သုတေသန အထူးပြုလေ့လာထားသည့် စစ်ကိုင်း၊ မကွေးနှင့် ကရင်နီပြည် ဒေသများရှိ အုပ်ချုပ်ရေးအဖွဲ့များ အနေဖြင့် အရပ်ဘက်အဖွဲ့များ၏ အသံများကို နားထောင်ပြီး ပြည်သူ့ဝန်ဆောင်မှုများကို ထိရောက်စွာဆောင်ရွက်ရန်နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ကို အကာအကွယ်ပေးရန်။
- ယခု သုတေသန အထူးပြုလေ့လာထားသည့် စစ်ကိုင်းနှင့် မကွေးဒေသရှိ အုပ်ချုပ်ရေး အဖွဲ့ များ၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲမှုနှင့် ပြည်သူ့ဝန်ဆောင်မှု စွမ်းရည်ကို မြှင့်တင်ရေး ဆောင်ရွက်ရန်။

# Acknowledgement

## Report Contributors

***Athan***, a research-based organization, was established by combining two organizations, (RTTL) Research Team for Telecommunications Laws and (WSJ) We Support Journalists, to promote Freedom of Expression with three core approaches – research, advocacy, and awareness-raising. Our organization continuously researches and investigates laws, customs, regulations, and case studies that oppress freedom of expression and works on legal reform according to democracy standards, campaigns, and lobbying to achieve a broader level of freedom of expression in respective country categories based on our research and investigation.

***Nyan Lynn Thit Analytica*** is a non-governmental research organization that tends to political research, advocacy, and youth empowerment. To create a society that values human rights and does not discriminate based on the ground of different categories of people, NLTA focuses on peace, human rights, democratic values, and multiculturalism.

***The Red Flag*** team was founded by activists and academics advocating for digital rights since before Myanmar's attempted military coup. As digital rights actions, the team focuses on research and social media monitoring, combating mis/disinformation, and promoting media and information literacy. We will continue strengthening people's capacity, supporting independent media, and advocating for digital rights in Myanmar.

**With the Support of Canada Fund for Local Initiatives (CFLI)**

စကားပြောမှားသွားလို့ရှိရင်
တခုခုဖြစ်သွားမှာ စိုးရိမ်နေရတဲ့အတွက်
ရေငုံနှုတ်ပိတ်ပြီး နေရတာတွေရှိတယ်။

(ကရင်နီဒေသခံတစ်ဦး)

သူတို့ကိုမြင်ရင် ကျွန်မတို့က တအားကို
အားကိုးချင်စိတ်ရှိတယ် ဒါပေမယ့်လို့
အားကိုးရမယ့်အစား ကြောက်နေရတယ်။

(မကွေးဒေသခံတစ်ဦး)

အာဏာရှင်ကို တော်လှန်နေတဲ့သူတွေက
အာဏာရှင်ပုံစံကြီးသွားနေကြတာ မြင်ရတော့
သိပ်ကြည့်မကောင်းဘူး

(စစ်ကိုင်းဒေသခံတစ်ဦး)